မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၃)

ဒါနဉ္စ ဧတံ မင်္ဂလ မုတ္တမံ

အလှူပေးရခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

■ **အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီတလီနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဆီလ်ဗီယိုဘာလူစကိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားများ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ် သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

❒ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သော သဘောထား၊ နိုင်ငံသား (တိုင်းရင်းသား)များအပေါ် ကျောသားရင်သားမခွဲခြားသော သဘောတရား၊ မိမိနိုင်ငံ၊ မိမိလူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာ၊ အမိနိုင်ငံတော် ကမ္ဘာ့အလယ်၌ တင့်တယ်ဝင့်ထည်စွာ အစွန့်ရှည် ရပ်တည်နိုင်ရမည်ဟူသော ဆန္ဒတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံရေးပတ်ဝန်းကျင် အခြေခံကောင်း ပီပီပြင်ပြင် အခြေအမြစ်ရှိရှိဖြင့် ရပ်လုံးပေါ်လာမည်မှာ ကေန်မလွဲပေ။

လေ့လာသူတစ်ဦး၏ ဆောင်းပါး စာ-၁၀



❒ ကယ်လ်ဆမ်ပေးမယ့် နိုင်ကြေး ဘယ်သူ့ဘက် အလေးသာမလဲ လုံးချောလား၊ ဝင်းထွန်းလား

ဇင်လင်းထွန်း(မနေဖြူ)၏လက်ဝှေ့သုံးသပ်ချက် စာ - ၁၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၅ ရက်)

လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားရေး လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်း

နိုင်ငံတော်က လယ်ယာကဏ္ဍ၌ စိုက်ပျိုးရေ လုံလုံလောက်လောက် ရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက် ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်မြေဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး စီမံဖြည့်ဆည်းပေးသကဲ့သို့ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေသြဇာရရှိရေးနှင့် နည်းပညာများ တိုးတက်ရရှိရေးတို့ကိုလည်း နိုင်ငံတော်က ပံ့ပိုးကူညီလျက်ရှိသည်။

ယခုနှစ်နွေရာသီတွင် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း နွေစပါးဧက ၃၁၀၀၀ စိုက်ပျိုးရန် လျာထားရာ ၂၁၈၇၂ဧက စိုက်ပျိုးပြီးဖြစ်သည်။ ထို့ပြင် လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် တိုးချဲ့စိုက်ပျိုးသွားရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

စိုက်ပျိုးရေနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးမှုကြောင့် ယခင်က သီးနှံတစ်မျိုးကိုပင် ခက်ခက်ခဲခဲ စိုက်ပျိုးလာခဲ့ကြသည့်ဒေသများ ယခုအခါ ဆည်ရေဖြင့် နွေစပါးအပြင် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍများ ဘက်စုံတိုးတက်ဖွံ့ဖြိုးလာသဖြင့် တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာလျက်ရှိသည်။

ဒေသခံတောင်သူလယ်သမားများက ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်သီးနှံမျိုးများ သုံးစွဲ၍ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံစုံစိုက်စွမ်းအားမြင့်မားလာရေး ကြိုးပမ်းကြရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် ထွက်ရှိလာသည့်သီးနှံများ မပျက်မစီးဘဲ တာရှည်ခံ အရည်အသွေးကောင်းမွန်နေစေရေး ရိတ်သိမ်းချိန်လွန်နည်းပညာများ ကျယ်ပြန့်စွာအသုံးပြုကြရန် လိုအပ်မည်ဖြစ်သည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေ လုံလောက်စွာရရှိလာမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ နှစ်စဉ်တိုးတက်လာလျက်ရှိရာ အဓိကသီးနှံစပါး တင်းသန်း ၁၅၀၀၊ ပဲမျိုးစုံတန်ချိန် ၄၅သိန်း၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများပါ အထွက်တိုးလာပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က သီးနှံစိုက်စွမ်းအား မြင့်မားရေး၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေးတို့အတွက် အားပေးကူညီလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၄လမ်း အမှတ်၆၈နေ မိဘနှစ်ပါးဖြစ်ကြသော ဦးသာဒင်–ဒေါ်သစ်တို့အား ရည်စူး၍ သားသမီး၊ မြေးမြစ်များက အလှူငွေကျပ်တစ်သိန်းငါးသောင်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

ဖျာပုံမြို့နယ် အမှတ်(၅)လမ်းနှင့် မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂၁ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ဖျာပုံမြို့ အမှတ်(၅)လမ်းနှင့် မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။ **(အောက်ပုံ)**

အမှတ်(၅)လမ်းမှာ အရှည်ပေ ၄၁၄၀၊ အကျယ်၁၂ပေရှိပြီး ဖျာပုံမြို့၏ အဓိကလမ်းမကြီးများဖြစ်သည့် ပထမလမ်းနှင့် ဒုတိယလမ်းမကြီးများနှင့်အပြိုင် ဖောက်လုပ်ထားသည်။ မာလာမြိုင်လမ်းမှာ အရှည်ပေ ၂၀၂၀၊ အကျယ်၁၂ပေရှိပြီး မြို့၏ အဓိကလမ်းများကို ဆက်သွယ်သည့် လမ်းတစ်လမ်းဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမနှင့် ဒေးဒရဲမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတို့၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေလှူဒါန်း

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာအိမ်ရာနေ ဒေါ်မူမူအောင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးတင်သိန်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုးကုတ်တရားစခန်းပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္ဘာ့ဌာနာစရိယ ပြည်တွင်း ပြည်ပ သာသနာပြု သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ B.Sc(Phy)သည် မေ ၃ရက်မှ ၉ရက်အထိ အဖွဲ့ခွဲ ၆၈ ဈေးဓမ္မာရုံ ကျောက်မဲမြို့၌လည်းကောင်း၊ ၁၁ ရက်မှ ၂၀ ရက်အထိ ပုဗ္ဗာရုံကျောင်း ပန်ဟိုက်ရပ်ကွက် နမ္မတူမြို့၌ လည်းကောင်း၊ ၂၃ရက်မှ ၃၀ရက်အထိ ရွှေကျောင်း ပဋ္ဌိပတ္တိရိပ်သာ သီပေါမြို့၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ကြောင်း အကျိုးဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၅–၄–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	မြန်မာသကြ်န်
၄း၃၅	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြ်န်
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၅၈)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း–၂)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

● *ရွှေဖိုးမှ*

ပိုင်းဝန်းစိုက်ထူ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပအဝိုင်း၌လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ဘောလီတံတားထိပ်၌ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာရှေ့၌လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် ပုဇွန်တောင်ပန်းခြံ၌လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်၌လည်းကောင်း၊ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌လည်းကောင်း၊ သာကေတမြို့နယ် ဧရာဝဏ်လမ်းနှင့် မင်းနန္ဒာလမ်းထောင့်ရှိ ကျောက်တိုင်ရှေ့၌လည်းကောင်း စိုက်ထူကြသည်။ "အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့"၊ "ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့"၊ "မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက်ထောက်ခံမဲပေးကြစို့" နှင့် "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်" ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ပိုင်းဝန်းစိုက်ထူခဲ့ကြသည်။

(သတင်းစဉ်)

သတိတရားသည် လောကမီးကို ငြိမ်းစေ၏

မီးသည် ကြီးငယ်မဟူ လောင်စာမှန်သမျှကို လောင်သွားနိုင်သော်လည်း သတိတရားလက်ကိုင်ထား၍ ဒုစရိုက်အပြစ်ကို မြင်သော သူတော်ကောင်းသည် နည်းများမဟူ လောင်ကျွမ်းတတ်သော သံယောဇဉ်မီးကို ပယ်ဖျက်နိုင်က ထာဝရ အေးချမ်းမှု အမှန်ရှိသော သန္တိသုခ ပြည့်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ဓမ္မပဒ (၃၁)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၁ရက်တွင် အင်္ဂပူမြို့နယ် ဇီးပင်ကွင်း အခြေခံပညာမူလတန်းကျောင်း၌ အလျားပေ ၆၀၊ အနံပေ၃၀ရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရပ်မိရပ်ဖများနှင့် ပြည်သူများအား နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြောကြား၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် စီစဉ်ပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်္ဂပူမြို့နယ် ပျိုးကုန်းအခြေခံပညာ မူလတန်းကျောင်း၌ အလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကျောင်းသစ်ဖွင့်လှစ်ပွဲကို တက်ရောက် အားပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်္ဂပူမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်္ဂပူမြို့နယ် အင်းကောက်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ညောင်ကျိုး အခြေခံပညာအထက်တန်းကျောင်းများ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၂၂ရက်တွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော သင်္ကြန်ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး သင်္ကြန်ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အဘိုး အဘွားများအား ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် အမှတ်(၃၁)သစ်စက် နံကသူစက်ရုံအတွင်း စက်လည်ပတ်မှုအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပျိုးကုန်းအခြေခံပညာမူလတန်းကျောင်း ကျောင်းသစ်ဖွင့်လှစ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၄-၂၀၀၈) ရက်နေ့

၂၀၀၈ခုနှစ် မေလအတွက်

(၁၁-၅-၂၀၀၈)ရက်နေ့ နှင့် (၂၅-၅-၂၀၀၈)ရက်နေ့

■ *ကျောဖုံးမှ*

အနည်းငယ်ဖန်သောအရသာလည်းရှိသည်။ တိုဟူးတွင် အဓိက ပါဝင်သော ဓာတ်များမှာ မင်းဂနိစ်၊သံဓာတ်၊ ပရိုတိန်း၊ အိုမီဂါ-၃ ဖက်တီးအက်စစ်၊ ကော့ပါး၊ ဖော့စပရပ်စ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ကယ်လိုရီတို့ပါဝင်သည်။

လျှော့ကျစေနိုင်

အများဆုံးပါဝင်သည့် ဓာတ်များမှာ မင်းဂနိစ်နှင့် သံဓာတ်တို့ဖြစ်သည်။ တိုဟူးကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် စားသုံးပါက ခန္ဓာကိုယ်တွင်း ကိုယ်လက်စထရော ၃၀ရာခိုင်နှုန်း ကျဆင်းစေပြီး သွေးကြောပိတ်ဆို့မှုကို ၄၀ရာခိုင်နှုန်းလျှော့ကျစေနိုင်သည်။

ထို့အပြင် တိုဟူးကို သီတင်းအပတ်စဉ် ပုံမှန်စားသုံးသွားပါက သွေးကြောနံရံ ပျက်စီးမှုများကို ကာကွယ်ပေးနိုင်သည့်အပြင် နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ကျစေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

အန္တတက်ညီလာခံသဘောတူညီချက်များ ဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းတိုက်တွန်း

အက္ကရာ ဧပြီ ၂၄

(၁၂) ကြိမ်မြောက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ(အန္တတက်)၌ ရရှိသည့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ဧပြီ ၂၁ တွင် တိုက်တွန်းလိုက်သည်။ (ဓါတ်ပုံ)

ဧပြီ ၂၀ ရက်မှစတင်ကာ ၂၅ ရက် (ယနေ့)အထိ ကျင်းပသည့် အန္တတက်ညီလာခံဆိုင်ရာ သူ၏ကြေညာချက်တွင် မစ္စတာဘန်ကီမွန်းက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

လက်လွှတ်မခံ

အရေးတကြီးကိစ္စများနှင့် ပတ်သက်၍ သဘောတူညီမှု အများအပြား ရရှိကြောင်း၊ ဆက်လုပ်ရန် လိုအပ်သည်တို့ကို မိမိတို့အားလုံး သိရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခြေအနေကို လက်လွှတ်မခံဘဲ အမြဲအရ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

လိုအပ်

ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ အာဖရိကဖွံ့ဖြိုးရေး၊ တရားမျှတသည့် သာတူညီမျှသော ကုန်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ရိက္ခာဈေးနှုန်းတက်မှု ကိုင်တွယ်ရေးတို့ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၀၄၀ ရှိပြီ

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဆာလာဟူဒင်ပြည်နယ်အတွင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်မှု ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန် စစ်ဘက်က ဧပြီ ၂၂ ရက်တွင် ကြေညာသည်။

ဗုံးခွဲတိုက်ခိုက်

ဆာလာဟူဒင်ပြည်နယ်အတွင်း စစ်ဆင်ရေးများ ဆင်နွှဲစဉ် အမေရိကန်တပ်ဖွဲ့ဝင်များမှာ ဧပြီ ၂၁ ရက်က လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံလိုက်ရခြင်း ဖြစ်သည်။

သေဆုံး

အဆိုပါတပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ၂၀၀၃ ခုနှစ်က စတင်ခဲ့သော အီရတ်စစ်ပွဲအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၄၀၄၀ ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီကွေဒေါနိုင်ငံ ကွီတိုမြို့၌ ဖွင့်လှစ်ထားသော တရုတ်ကား ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် ဘီဝိုင်ဒီ ကုမ္ပဏီ၏ အရောင်းပြခန်းကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သူပုန်နှင့် အစိုးရတပ်များ တိုက်ပွဲများကြောင့် မိုဂါဒစ်ရှူး၌ သေဆုံးသူဦးရေ ၈၅ ဦးအထိတိုးလာ

မိုဂါဒစ်ရှူး ဧပြီ ၂၄

ဆိုမာလီယာ နိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူး၌ အစ္စလမ္မစ် ဦးဆောင်သော အကြမ်းဖက် သမားများနှင့် အီသီယိုးပီးယား - ဆိုမာလီ ပူးပေါင်းသော မဟာမိတ် တပ်များအကြား တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားခဲ့မှု ကြောင့် ဧပြီ ၂၁ရက်အထိ သေဆုံးသူ ပေါင်း ၈၅ ဦး အထိရှိလာသည်။

ပြောကြား

ယင်းမြို့၌ လွန်ခဲ့သော သီတင်းပတ်က အဆိုးရွားဆုံး တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီးနောက် အစ္စလမ္မစ် တိုက်ခိုက်ရေး သမားများက ဂူဒါမြို့ကို သိမ်းထားကြောင်း ဒေသခံများက ပြောကြားသည်။

သေဆုံး

အဆိုပါမြို့သည် လောလောဆယ် နိုင်ငံရေးသမား အိုမာအဗ္ဗဒူလ်လာဟီဖရီး၏ လက်အောက်သို့ ကျရောက်နေသည်။ လွန်ခဲ့သော သီတင်းပတ်က မိုဂါဒစ်ရှူး ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ဧပြီ ၂၁ ရက်က တိုက်ပွဲထပ်မံဖြစ်ပွား ခဲ့၍ အနည်းဆုံး ၈၅ ဦး အထိ သေဆုံးခဲ့ရပြီ ဖြစ်သည်။

တိုက်ခိုက်

သူပုန် တပ်ဖွဲ့ဝင်များသည် မကြာသေးသည့်လများက တစ်မြို့ပြီးတစ်မြို့ကို လက်ရှိအစိုးရ ထိန်းချုပ်မှုအောက်မှ တိုက်ခိုက် သိမ်းပိုက်လာသည်။

အမ်အင်န်အေ၊ရိုက်တာ

စိန်သရဖူ

လာမည့် မေလ၌ ဟောင်ကောင် ကျောက်မျက်ရတနာ လေလံတင်ရောင်းချပွဲတွင် ရောင်းချမည့် စိန် ၁၀၁ ဒသမ၂၇ ကာရက်ပါ စိန်သရဖူကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (အဆိုပါ စိန်သရဖူအား အမေရိကန်ဒေါ်လာ ၇ ဒသမ ၅သန်းဖြင့် ရောင်းချရန် မျှော်မှန်းထားသည်။) **(အင်တာနက်ဓာတ်ပုံ)**

အာဖဂန်၌ ကန်လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦးပျောက်ဆုံး

ဟီရက်(အာဖဂန်နစ္စတန်) ဧပြီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရက်ပြည်နယ်တွင် အမေရိကန် လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ယင်းကုမ္ပဏီမှ အရာရှိတစ်ဦးက ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယအမျိုးသားနှင့် နီပေါအမျိုးသားဝန်ထမ်းနှစ်ဦးသည် အက်ရက်စ်ကန်ခရိုင်တွင် ဧပြီ ၂၁ရက် ညနေပိုင်းက အငှားကားဖြင့် ခရီးသွားနေစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အငှားကားယာဉ်မောင်းလည်းပျောက်ဆုံးလျက်ရှိပြီး ၄င်း၏ကားကိုမူ စွန့်ပစ်ထားခြင်းခံခဲ့ရကြောင်း၊ ယင်းအရာရှိက ဆက်လက်ပြောကြားသည်။

အက်ရက်စ်ကန်ခရိုင်သည် တာလီဘန်အကြမ်းဖက်သမားဟု သံသယရှိသူများနှင့် ရာဇဝတ်ကောင်များ လှုပ်ရှားလေ့ရှိသည့်ခရိုင်ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဇင်ဘာဘွေ ရွေးကောက်ပွဲ ရလဒ်အတွက် ပထမဆုံးအကြိမ် မဲပြန်လည်ရေတွက်

ဟာရာရေး ဧပြီ ၂၄

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲရလဒ်အတွက် မဲများပထမဆုံးအကြိမ် ပြန်လည်ရေတွက်လျက်ရှိရာ အာဏာရပါတီနှင့် အတိုက်အခံပါတီတို့ အမတ်တစ်နေရာစီ အသီးသီး အနိုင်ရရှိထားကြောင်း ဇင်ဘာဘွေ ရွေးကောက်ပွဲ ကော်မရှင်ကပြောကြားသည်။

အနိုင်ရခဲ့

အာဏာရ ဇာနု-ပီအက်ဖ် ပါတီသည် ဂိုရိုမွန်ဇီ အနောက်ပိုင်းမဲဆန္ဒနယ်မြေ၌ အနိုင်ရရှိချိန်တွင် အတိုက်အခံပါတီက ဇာကာအနောက်ပိုင်း မဲဆန္ဒနယ်၌ အနိုင်ရရှိခဲ့သည်။

အတည်ပြု

မဲများပြန်လည်ရေတွက်ခြင်းသည် မဲလိမ်ရန်ကြိုးစားခြင်းသာဖြစ်ကြောင်း အတိုက်အခံပါတီက ပြောကြားသည်။ ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်က အငြင်းပွားလျက်ရှိသော မဲဆန္ဒနယ်မြေ ၂၃ ခုအနက်မှ နှစ်ခုကို မဲများပြန်လည် ရေတွက်အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထုတ်ပြန်

သမ္မတရွေးကောက်တွင် မဲများပြန်လည် ရေတွက်ပြီးသည့်တိုင်အောင် အရှုံးအနိုင်ရလဒ်ကို ထုတ်ပြန်ကြေညာနိုင်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲကော်မတီက ပြောကြားသည်။ **(အင်တာနက်)**

စွန့်ပစ်ထားသော ကလေးငယ်အား ခွေးများက ကယ်တင်ပေးခဲ့

ပတ္တနား(အိန္ဒိယ) ဧပြီ ၂၄

အိန္ဒိယနိုင်ငံဘီဟာပြည်နယ် အရှေ့ပိုင်း၌ စွန့်ပစ်ထားသော ကလေးငယ်တစ်ဦးအား ခွေးများက ကယ်တင်လိုက်ပြီးနောက် ထိုကလေးနေထိုင်သည့် ကျေးရွာသို့ ကျေးရွာသူကျေးရွာသားများ ရာနှင့်ချီ၍ လာရောက်ကြည့်ရှုခဲ့ကြကြောင်း တာဝန်ရှိသူများက ဧပြီ ၂၂ ရက်တွင် ပြောကြားသည်။

တွေ့ရှိ

ဘီဟာပြည်နယ်အရှေ့ပိုင်းမှ ကျေးရွာသားများသည် ရွှံ့ညွန်များ ဖုံးနေသော အဆိုပါမွေးကင်းစကလေးငယ်အား ခွေးသုံးကောင်က အနီးအနားတွင် ဝိုင်းဟောင်နေသည်ကိုတွေ့ရှိပြီး ကယ်တင်နိုင်ခဲ့သည်ဟု ဆိုသည်။

ကယ်တင်

ခွေးများသည် ရွှံ့ညွန်များ အထပ်ထပ်ဖုံးအုပ်ပေကျံနေသော ၄င်းကလေးအနီးသို့ ကပ်သွားပြီး ခွေးများက ထိုကလေးဘေးပတ်လည်ရှိ ရွှံ့ညွန်များကို ယက်ထုတ်ကာ အဆက်မပြတ်ဟောင်နေသည်။ ထိုစဉ် ကလေးငယ်မှာ ငယ်သံပါအောင် အော်ငိုရာမှ အနီးအနားရှိကျေးရွာသားများ ရောက်လာပြီး ကလေးငယ်အား ကယ်တင်နိုင်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

နောက်ဆုံးပါပဲ ...

ချစ်သူနှင့် ပထမဆုံးအကြိမ် ချိန်းထားသည့်အတွက် စိုးရိမ်နေသော သားဖြစ်သူအား ဖခင်က ပြောပြလေသည်။

ဖခင် ။ ။ အစားအသောက်ကို ဂရုစိုက်ကျွေး၊ သူ့မိသားစုအရေးလည်း စိတ်ဝင်စား၊ သူ့ရဲ့စဉ်းစားတွေးခေါ်မှုကိုလည်း သိအောင်ကြိုးစား ပေါ့ကွာ။

(သားဖြစ်သူလည်းချစ်သူနှင့်လည်ပတ်ပြီးနောက် ဖခင်၏စကားကို သတိရလေသည်...)

လူငယ် ။ ။ အချစ်ရေ...ရေခဲမုန့် စားရအောင်

အမျိုးသမီး။ ။ ဘာမှမစားချင်ဘူး။

လူငယ် ။ ။ မင်းမှာအစ်ကိုရှိလား။

အမျိုးသမီး။ ။ မရှိဘူး။

(လူငယ်လည်း ဘာဆက်ပြောရမှန်း မသိဖြစ်နေရာမှ...)

လူငယ် ။ ။ တို့နှစ်ယောက်ရဲ့ ရှေ့ရေး ဘယ်လိုတွေးထားလဲကွာ။

အမျိုးသမီး။ ။ မိဘပေးစားတဲ့သူကို ယူရမှာမို့ ဒီနေ့နောက်ဆုံးပါပဲ။

လူငယ် ။ ။ "ဟေ"

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး အချက်အချာကျရာ ဂျကာတာမြို့လယ်၌ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အာဖရိကၥ ရေနံအများဆုံးထွက်သည့် နိုင်ဂျီးရီးယား၏သမိုင်းကြောင်း

သတင်းအက်ဆေး

နိုင်ဂျီးရီးယားပြည်ထောင်စု သမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်း တောင်ဘက်ကမ်းခြေတွင် တည်ရှိသည်။ ဤနိုင်ငံသည် စစ်တပ်က အာဏာသိမ်းမှုများ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပြီးနောက် ယခုအခါတွင် ပြည်သူတို့က ရွေးချယ်တင်မြှောက်သည့်အစိုးရက အုပ်ချုပ်လျက်ရှိသည်။

ရင်ဆိုင်နေရ

သို့သော် လူဦးရေ ၁၄၈သန်း မှီတင်းနေထိုင်သည့် ဤနိုင်ငံသည် အာဖရိကတိုက်တွင် လူဦးရေ အထူထပ်ဆုံးဖြစ်သည့်အပြင် ဟော်ဆာ၊ ယိုရူဘာ၊ အီဘို၊ ဖူလန်နီစသော လူမျိုးစုများ စုပေါင်းနေထိုင်ခြင်းနှင့်တကွ နိုင်ငံမြောက်ပိုင်း၌ မွတ်စလင် ၅၀ရာခိုင်နှုန်းနှင့် နိုင်ငံတောင်ပိုင်း၌ ခရစ်ယာန်ဘာသာဝင် ၄၀ရာခိုင်နှုန်းတို့ အခြေချနေထိုင်မှုတို့ကြောင့် လူမျိုးစုအလိုက်၊ ဘာသာရေးအလိုက် သဘောထားကွဲလွဲမှု ပေါ်ပေါက်ကြီးထွားလာမှုနှင့် ရင်ဆိုင်နေရသည်။

၁၉၉၉ခုနှစ်တွင် အရပ်သားအစိုးရ ပြန်လည်အာဏာရလာခြင်းကြောင့် နိုင်ငံရေးချုပ်ချယ်မှုများ လျော့ပါးလာသည့်အတွက် လူမျိုးရေးနှင့် ဘာသာရေး ရှေ့တန်းတင်လွန်းသူများအဖို့ သူတို့၏ အားမလိုအားမရ ခံပြင်းချက်များကို ပိုမိုလွတ်လပ်စွာ ထုတ်ဖော်ခွင့်ရသလို ဖြစ်သည်။ သို့ဖြင့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ပိုမိုများပြားလာခဲ့သည်။

အုပ်ချုပ်လာ

သမိုင်းကိုပြန်ကြည့်လျှင် ခရစ်တော်မပေါ်မီ ဘီစီ၈၀၀ခန့်ကပင် လူသားတို့ ဤနေရာ၌ အခြေချနေထိုင်ခဲ့သည်ကို တွေ့ရသည်။ ၁၄၇၂ခုနှစ်အရောက်တွင် နိုင်ဂျီးရီးယားကမ်းခြေသို့ ပေါ်တူဂီတို့ ရောက်ရှိသည်။ ၁၆ရာစုမှ ၁၈ရာစုနှစ်အထိ ကျွန်အရောင်းအဝယ် ထွန်းကားခဲ့သည်။ နိုင်ဂျီးရီးယားတိုင်းရင်းသား သန်းနှင့်ချီ၍ အမေရိကတိုက်သို့ အမွှေအပို့ခံခဲ့ရသည်။ ၁၈၅၀ပြည့် လွန်နှစ်များတွင် လေဂို့စ်မြို့ဝန်းကျင်သို့ ဗြိတိသျှတို့ အခြေစိုက်ပြီးနောက်ပိုင်း အုပ်ချုပ်လာသည်။

သမိုင်းကို ပြန်ကြည့်လျှင် ခရစ်တော်မပေါ်မီ ဘီစီ ၈၀၀ခန့်ကပင် လူသားတို့ ဤနေရာ၌ အခြေချနေထိုင်ခဲ့သည်ကို တွေ့ရ၊ ၁၄၇၂ခုနှစ်အရောက်တွင် နိုင်ဂျီးရီးယားကမ်းခြေသို့ ပေါ်တူဂီတို့ ရောက်ရှိ၊ ၁၆ရာစုမှ ၁၈ရာစုနှစ်အထိ ကျွန်အရောင်းအဝယ် ထွန်းကားခဲ့။

အစားထိုး

၁၉၆၀ပြည့်နှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးရသည်။ ညွန့်ပေါင်း အစိုးရကို ဦးဆောင်သည့် ဝန်ကြီးချုပ်မှာ ဆာအဘူဘာ တာဖာဝါဖြစ်သည်။ ၁၉၆၆ ခုနှစ် ဇန်နဝါရီ၌ စစ်တပ်က အာဏာသိမ်းပြီး ဝန်ကြီးချုပ်ကို လုပ်ကြံလိုက်သည်။ စစ်အစိုးရကို ဗိုလ်ချုပ်အိုင်ယွန်ဆီက ဦးဆောင်သည်။ ၁၉၆၆ခုနှစ် ဇူလိုင်လ၌ တန်ပြန်အာဏာသိမ်းမှုတွင် အိုင်ယွန်ဆီ လုပ်ကြံခံရပြန်သည်။ ဒုတိယဗိုလ်မှူးကြီး ဂိုဝန်ကို အစားထိုးခဲ့သည်။

ဖယ်ရှား

၁၉၇၅ခုနှစ်တွင် ဂိုဝန်အား ရာထူးမှဖယ်ရှားသည်။ ဂိုဝန်လည်း ဗြိတိန်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ ဗိုလ်မှူးချုပ် ဂိုဟားမက်က စစ်အစိုးရခေါင်းဆောင် ဖြစ်လာသည်။ သူက မြို့တော်ကို လေဂို့စ်မှ အာဘူဂျာသို့ရွှေ့ခဲ့သည်။

ထင်ရှား

၁၉၇၆ ခုနှစ်တွင် မအောင်မြင်သည့် အာဏာသိမ်းမှုတွင် ဗိုလ်ချုပ်ကြီး မိုဟာမက်လုပ်ကြံခံလိုက်ရသည်။ သူ့လက်ထောက် ဒုတိယဗိုလ်ချုပ်ကြီး အိုဘာဆန်ဂျိုက ဆက်ခံသည်။ သူသည် ၁၉၇၉ခု နှစ်တွင် အရပ်သားအုပ်ချုပ်ရေးသို့ ပြန်လည်လွှဲအပ်ပေးသူဖြစ်သည်။ ထို့ကြောင့် အာဖရိကတိုက်တွင် ပထမဆုံးသော ခေတ်မီစစ်ခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားသည်။

၁၉၇၉ခုနှစ် ရွေးကောက်ပွဲအပြီး ရှေးဟုရှာဂရီ အာဏာရလာပြီး ၁၉၈၃ ခုနှစ် ဩဂုတ်လရွေးကောက်ပွဲ၌ ပြန်လည်ရွေးချယ်ခံရသည်။ ၁၉၈၃ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ချုပ်မိုဟာမက်ဘူဟာရီက သွေးထွက်သံယိုမရှိ အာဏာသိမ်းသည်။ ၁၉၈၅ခုနှစ်တွင် အီဘရာဟင်ဘာဘန်ဂီဒါက သွေးထွက်သံယိုမရှိ အာဏာသိမ်းခဲ့သည်။

ဆက်ခံခဲ့

၁၉၉၃ခုနှစ် နိုဝင်ဘာတွင် ဗိုလ်ချုပ်ကြီး ဆာနီအဘာချာ အာဏာသိမ်းပြီး အတိုက်အခံတို့ကို နှိမ်နင်းသည်။ ၁၉၉၈ခုနှစ်တွင် အဘာချာ ကွယ်လွန်သဖြင့် ဗိုလ်ချုပ် အဘူဘာကာ ဆက်ခံခဲ့သည်။

လက်လျှော့လိုက်ရ

၁၉၉၉ခုနှစ် ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲကျင်းပအပြီး အိုဘာဆန်ဂျို သမ္မတ ဖြစ်လာသည်။ ၂၀၀၃ခုနှစ် ရွေးကောက်ပွဲ၌ အိုဘာဆန်ဂျို ပြန်လည်အရွေးခံရသည်။ ၂၀၀၆ခုနှစ်တွင် တတိယအကြိမ် အရွေးခံရေးကိုမူ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခွင့် မရလိုက်သဖြင့် လက်လျှော့လိုက်ရသည်။

ကြိုးပမ်း

၂၀၀၇ခုနှစ် ဧပြီလရွေးကောက်ပွဲတွင် ယူမာရူးယာ အဒူအာ သမ္မတဖြစ်လာသည်။ ဤနိုင်ငံသည် အာဖရိကတိုက်တွင် ရေနံအများဆုံးထွက်သည့်နိုင်ငံဖြစ်သည်။ သို့သော် ပြည်သူ ထက်ဝက်ကျော်မှာ ဆင်းရဲလျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သမ္မတ ယူမာရူးယာအဒူအာ အနေဖြင့် ကြိုးပမ်းရပေဦးမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၄-၄-၂၀၀၈

အင်ဒိုနီးရှား၌ ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်၌ အမေရိကန် ကမ္ဘာလှည့်ခရီးသည်လေးဦးနှင့် အင်ဒိုနီးရှားလေယာဉ်မှူးတစ်ဦးတို့ လိုက်ပါလာပြီး မြေပြင်သို့အရေးပေါ်ဆင်းသက်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ပေကျင်းအိုလံပစ်သို့ ရုရှားကစားသမား ၉၀၀ စေလွှတ်မည်

ရုရှားနိုင်ငံအနေဖြင့် ဩဂုတ်လ၌ ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော်သို့ အားကစားသမားများနှင့် ကိုယ်စားလှယ်ပေါင်း ၉၀၀ကို စေလွှတ်သွားမည်ဟု ရုရှားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်နေသည့်အချက်ကို ဖော်ဆောင်ခြင်းတစ်ရပ်အဖြစ် ယခုကဲ့သို့ အရေအတွက်များသော အားကစားအဖွဲ့ကိုစေလွှတ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်း တန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ တန့်နေကြောင်း တရုတ်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၂၁ဒသမ၇၉ ဒေါ်လာရှိနေပြီး အမေရိကန်ရွှေဈေးကွက်၌လည်း ယခင်နှုန်းအတိုင်း ဆက်လက်တည်ရှိနေကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးတည်ငြိမ်နေ

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး တည်ငြိမ်နေကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။ ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန် တစ်ဒေါ်လာလျှင် ယန်းငွေ ၁၀၃ ဒသမ ၀၃ ယန်းရှိနေပြီး ယူရိုငွေနှင့် ဖလှယ်ရာတွင် တစ်ယူရိုလျှင် ၁ ဒသမ ၅၉၇၅ ဒေါ်လာရှိနေသည်။

မလေးရှား၌ လူ ၁၂၀ အစာအဆိပ်သင့်

မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း မလေးရှား ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ အခင်းဖြစ်ပွားမှုမှာ ကွာလာလမ်ပူမြို့ ဆင်ခြေဖုံးအရပ်၌ဖြစ်ပြီး ဆိုင်တစ်ဆိုင်မှ ချောကလက်နှင့် ဖျော်ရည်များကို စားသောက်ခဲ့ကြသည့် လူ ၁၂၀တို့ အော့အန်မူးဝေကာ ဆေးရုံသို့ တင်ပို့ခဲ့ရခြင်းဖြစ်သည်။

ပြင်သစ်ကောင်စစ်ဝန် အီဂျစ်၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံး

အီဂျစ်နိုင်ငံ ပင်လယ်နီ အပန်းဖြေစခန်း၌ ပြင်သစ်ကောင်စစ်ဝန်တစ်ဦး ယာဉ်မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးသွားကြောင်း အီဂျစ်ရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

၎င်းသည် ကိုင်ရိုမြို့ရှိ ပြင်သစ်သံရုံးမှ ကောင်စစ်ဝန်ဖြစ်ပြီး အီဂျစ်နိုင်ငံ၌ ၂၀၀၂ခုနှစ်မှ စတင်ကာ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အီးမရိတ်လေကြောင်းလိုင်းက လေယာဉ်အစင်း၄၅၀ ထပ်မံဝယ်ယူမည်

အာရပ်ကမ္ဘာတွင် အကြီးဆုံး လေကြောင်းလုပ်ငန်းဖြစ်သည့် အီးမရိတ်က ခရီးသည်တင်လေယာဉ်အစင်းရေ အများအပြားကို ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဒူဘိုင်းလ်လေကြောင်း အရာရှိများက ပြောကြားသည်။

ဝယ်ယူ

အီးမရိတ်လေကြောင်းလိုင်းအနေဖြင့် ၂၀၂၀ပြည့်နှစ် မတိုင်မီ လေယာဉ်အစင်း ၄၅၀ကို ဝယ်ယူသွားမည်ဟု ၎င်းတို့က ပြောကြားသည်။

သူတို့၏ အတွေးနှင့် အမြင်

* ***The only worthwhile achievements of man are those which are socially useful.***

လူသား၏ အချိန်ကုန်လူပန်းခံ၍ လုပ်ဆောင်ခြင်း၏ရလဒ်များသည် လူမှုနယ်ပယ်တွင် တစ်ခုတည်းသော အောင်မြင်ထမြောက်အသုံးဝင်သည့်အရာများပင် ဖြစ်သည်။

ဒေါက်တာ အဲလ်ဖရက်ဒက်ဒလာ
(ဩစတြီးယားလူမျိုး စိတ်ပညာရှင်)

* ***To be of use in the world is the only way to be happy.***

လောကကြီးအတွက် အသုံးဝင်ခြင်းသည် စိတ်သန့်စင်ပျော်ရွှင်စရာ တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။

ဟန်းစ်အန်ဒါဆင်
(ဒိန်းမတ်လူမျိုး စာရေးဆရာ)

ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ လျှော့ချရမည့် ဤမြေကမ္ဘာ

လန်ဒန် ဧပြီ ၂၄

၁၉၇၀ပြည့်နှစ် ဧပြီ ၂၂ရက်က စတင်ကျင်းပခဲ့သည့် မြေကမ္ဘာနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံပေါင်း ၈၅ နိုင်ငံကျော်တို့က ဧပြီ ၂၂ရက်၌ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရပ်ဆိုင်း

(၃၈)ကြိမ်မြောက် မြေကမ္ဘာနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံပေါင်း ၈၅နိုင်ငံမှ ပြည်သူသန်း ၅၀၀ ကျော်တို့က ဆင်နွှဲကြရာ၌ ချီလီနှင့် ဩစတြေးလျ စသည့်နိုင်ငံများတွင် ကမ္ဘာမြေနေ့ဖြစ်သော ဧပြီ ၂၂ရက်က နိုင်ငံတစ်ဝန်း မော်တော်ယာဉ်သွားလာမှု ရပ်ဆိုင်းထားခဲ့ကြသည်။

ထို့အတူ အခြားနိုင်ငံအသီးသီးတွင်လည်း ကမ္ဘာမြေညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေသော စက်ရုံ၊ အလုပ်ရုံ(အောက်ပုံ)များကို တစ်ရက်တာပိတ်ထားခြင်းဖြင့် မြေကမ္ဘာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ဆင်နွှဲကြသည်။

ပါဝင်ဆင်နွှဲ

တစ်ဖန် ရေသယံဇာတ၊ မြေသယံဇာတပြုန်းတီးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများကိုလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များနှင့်အတူ ကမ္ဘာ့နိုင်ငံအများအပြားမှ ပြည်သူများက ကမ္ဘာမြေနေ့ အထိမ်းအမှတ်အဖြစ် ပူးပေါင်းပါဝင်ဆင်နွှဲကြသည်။

ကမ္ဘာတစ်ဝန်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပမာဏထုတ်လွှတ်မှုပမာဏသည် ၁၇၅၁ခုနှစ်မှ ၁၉၇၀ပြည့်နှစ် များအတွင်း တန်ချိန် ၁၁၀ ဘီလီယံ ရှိခဲ့ရာမှ ၁၉၇၀ ပြည့်လွန်နှစ်များမှ ၂၀၀၈ခုနှစ်အထိ ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ချိန် ၁၆၀ဘီလီယံအထိ မြင့်မားလာကြောင်း အမေရိကန်သုတေသနပညာရှင်က ဖော်ပြထားသည်။

တိုက်တွန်း

ထို့ကြောင့် လာမည့်နှစ် ၃၀အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ အနိမ့်ဆုံးရောက်ရှိရန် ကြိုးစားသွားကြရေး နိုင်ငံတကာမှ မြေကမ္ဘာဆိုင်ရာ သုတေသနပညာရှင်များက ဧပြီ ၂၂ရက်၌ တစ်ခဲနက် တိုက်တွန်းလိုက်ကြသည်။ (အင်တာနက်)

အိုဘားမားနှင့်ဆက်လက်ယှဉ်ပြိုင်ရေး ရန်ပုံငွေထည့်ဝင်ကြရန် ဟီလာရီမေတ္တာရပ်ခံ

ဝါရှင်တန် ဧပြီ ၂၄

ဒီမိုကရက်တစ်ပါတီနည်းတူ ရီပတ်ဘလီကင်ပါတီကလည်း ပင်ဆယ်ဗေးနီးယားပြည်နယ်၌ ဧပြီ ၂၂ရက်က အကြိုရွေးကောက်ပွဲ ကျင်းပသည်။ သို့သော် လုပ်ထုံးလုပ်နည်းအရသာလျှင် အကြိုရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်သည်။

အိုဘားမားနှင့် ဟီလာရီကလင်တန်

အဘယ့်ကြောင့်ဆိုသော် နိုဝင်ဘာ သမ္မတရွေးကောက်ပွဲ၌ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် သတ်မှတ်ပေးသည့် ပါတီညီလာခံ ကိုယ်စားလှယ်ဦးရေ ၁၁၈၁ဦးကို ဂျွန်မက်ကိန်းက ရရှိကျော်လွန်လျက်ပင်ရှိခြင်းကြောင့် ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်ရော အိုဘားမားပါ နိုဝင်ဘာသမ္မတရွေးကောက်ပွဲ၌ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် သတ်မှတ်ပေးမည့် အနိမ့်ဆုံးပါတီညီလာခံကိုယ်စားလှယ် ၂၀၂၅ ဦးရရှိရန် ယခုတိုင် အလှမ်းကွာဝေးလျက်ရှိသည်။

ယှဉ်ပြိုင်

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဟီလာရီကလင်တန်က အိုဘားမားကို အနိုင်ရလိုက်သည့်တိုင် သူတို့နှစ်ဦးဆက်၍ အကြိတ်အနယ်ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။

မေတ္တာရပ်ခံ

ထို့ကြောင့်ပင် ဟီလာရီကလင်တန်က အကြိုရွေးကောက်ပွဲ၌ ထောက်ခံကြသည့်အတွက် သူအနိုင်ရသည်ကို ဝမ်းသာကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။ ယင်းနောက် အိမ်ဖြူတော်ရောက်အောင် သူဆက်လက် ကြိုးပမ်းရမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲ စည်းရုံးလှုပ်ရှားမှုရန်ပုံငွေများ ထည့်ဝင်ကြဖို့ မေတ္တာရပ်ခံ ပန်ကြားလိုက်သည်။

လှုံ့ဆော်

မဲဆန္ဒရှင်ပြည်သူတို့၏ ထောက်ခံမှုကြောင့် ယခုကဲ့သို့ သူအနိုင်ရခြင်းဖြစ်ကြောင်း၊ သူ့ထက် ငွေပုံအောသုံးစွဲသူ ပြိုင်ဘက်တစ်ဦးနှင့် ဆက်လက်ယှဉ်ပြိုင်နိုင်ရေးတွင် ရန်ပုံငွေ အလုံအလောက်ရှိခြင်းသာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ဟီလာရီကလင်တန်က လှုံ့ဆော်ပြောကြားလိုက်သည်။ **(အင်တာနက်)**



ဗြိတိန်ရှိ မျက်စိဝေဒနာရှင် နှစ်ဦးအား ပထမဆုံးအကြိမ် စက်မျက်လုံး အစားထိုးကုသ

လန်ဒန် ဧပြီ ၂၄

လန်ဒန်မြို့ မော်ဖီးမျက်စိ အထူးကုဆေးရုံမှ သုတေသနအဖွဲ့သည် ဆေးဘက်ဆိုင်ရာလေ့လာမှု တစ်စိတ်တစ်ဒေသအဖြစ် ဗြိတိန်နိုင်ငံ၌ မျက်စိဝေဒနာရှင် နှစ်ဦးအား ပထမဆုံး စက်မျက်လုံး အစားထိုး ခွဲစိတ်ကုသပေးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဧပြီ ၂၁ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

တီထွင်ထုတ်လုပ်

အာဂတ်စ် IIဟု လူသိများသော စက်မျက်လုံးကို အမေရိကန်နိုင်ငံမှ ဒုတိယမျက်လုံးအမည်ရှိ ကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်ပေးခဲ့သည်။ ယင်း စက်မျက်လုံးကို ကင်မရာ၊ လျှပ်စစ်ခေါင်း၊ ပါးလွှာသော အီလက်ထရွန်နစ် ဖမ်းယူစက်တို့ဖြင့် ပြုလုပ်ထားသည်။

နှိုးဆော်ပေး

ယင်း စက်မျက်လုံးကို (အပေါ်ပုံ)လူ၏ မျက်စိအိမ်အတွင်း ထည့်သွင်းလျက် မျက်စိအာရုံခံတွင် တွယ်ကပ်ထားသည်။ လျှပ်စစ်ခေါင်းသည် မျက်စိအာရုံကို လှုံ့ဆော်ပေးသည်။

ယင်းမှ တစ်ဆင့် အမြင်အာရုံရရှိစေရန် ဦးနှောက်ကို နှိုးဆော်ပေးသည်ဟု ဆိုသည်။

အစားထိုးခွဲစိတ်

အဆိုပါ စက်မျက်လုံးကို မျက်စိဝေဒနာရှင်နှစ်ဦးအား အောင်မြင်စွာ အစားထိုးခွဲစိတ်ပေးနိုင်ပြီ ဖြစ်ကြောင်း မျက်စိခွဲစိတ် ဆရာဝန် လင်ဒန်ဒါခရုစ်ဇ်က ပြောကြားသည်။

ပြောကြား

ယင်းစက်မျက်လုံးသည် မျိုးရိုးရောဂါတစ်ခုကြောင့် မျက်စိ ကွယ်သွားသူများအား အမြင်အာရုံ ရရှိစေရန် အထောက် အကူဖြစ်ဖွယ် ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

(အင်တာနက်)

အမေဇုန်မြစ်ဝှမ်းမှ မိုလီငါးမျိုးစိတ်များ လိင်မဲ့မျိုးပွားနည်းဖြင့် အနှစ်ခုနစ်သောင်းအထိ အသက်ရှင်နိုင်

အီဒင်ဘာတ် ဧပြီ ၂၄

လိင်နည်းဖြင့် မျိုးပွားခြင်းမရှိသော အမေဇုန်မြစ်ဝှမ်းမှ မိုလီငါးမျိုးစိတ်များ အားလုံးသည် အနှစ်ခုနစ်သောင်းအထိ အသက် ရှင်နိုင်ကြောင်း ကျွမ်းကျင်သူများက ယုံကြည်ထားသည်။ အမေဇုန်မြစ်ဝှမ်းမှ မိုလီ ငါးမျိုးစိတ်များသည် (ယာပုံ) မျိုးဗီဇအရ အသက်ရှင်နေကြသဖြင့် မျိုးသုဉ်းမှုဘေးမှ ရှောင်ရှားနိုင်ခဲ့သည်ဟု အီဒင်ဘာတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ယူဆထားသည်။

တွေ့ရ

အဆိုပါ ငါးမျိုးစိတ်များကို တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကိုနိုင်ငံတို့၌ တွေ့ရသည်။ ငါးထီးများသည် အခြားသော ငါးမျိုးစိတ်များဖြင့် အပြန်အလှန် အကျိုးပြုပြီး ငါးများပေါက်ပွားနိုင်ပြီး ငါးအမများသည် လိင်မဲ့နည်းဖြင့် မျိုးပွားနိုင်ကြသည်။ အဆိုပါ ငါးအမများသည် မိခင်ငါးမကြီးများနှင့် တူညီကြသည်။

လေ့လာတွေ့ရှိ

လိင်မဲ့မျိုးပွားသော သတ္တဝါများသည် မျိုးပွားခြင်းပြဿနာများရှိ၍ မျိုးသုဉ်းပျောက်ကွယ်နိုင်သည်ဟု အချို့ပုဂ္ဂိုလ်များက ဆိုကြသော်လည်း အီဒင်ဘာတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များကမူ အမေဇုန်မြစ်ဝှမ်းရှိ မိုလီငါးမများသည် လိင်မဲ့နည်းဖြင့် မျိုးပွားနိုင်ပြီး ၎င်းတို့၏သက်တမ်းကို တွက်ချက်ကြည့်ရာတွင် လွန်ခဲ့သောအနှစ် ခုနစ်သောင်းခန့်ကပင် အသက်ရှင်သန်ခဲ့သော ငါးများဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိထားသည်ဟု ဆိုသည်။ (အင်တာနက်)

ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါဖြစ်ပွားသူ ၁၉၄သန်းကျော်ရှိ အဝလွန်မှုကြောင့် ဆီးချိုဖြစ်သူ တိုးပွားများပြားလာ

ဟန်ွိုင်း ဧပြီ ၂၄

ဗီယက်နမ်နိုင်ငံ၌ ယခုအခါ ဆီးချိုရောဂါဝေဒနာခံစားရသူပေါင်း နှစ်သန်းခန့်ရှိလာကြောင်း ဒေသထုတ် ယုသ်သတင်းစာက ဧပြီ ၂၁ရက်တွင် ရေးသားဖော်ပြသည်။

ဆီးချိုရောဂါဖြစ်ပွားမှုသည်ဗီယက်နမ်မြို့ပြ နေထိုင်သူများအကြား ၄ဒသမ၄ ရာခိုင်နှုန်းတိုးလာကြောင်း၊ စမ်းသပ်စစ်ဆေးမှုများအရဆီးချိုဝေဒနာရှင်များ ထပ်မံတိုးလာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ပြောကြား

လက်ရှိဆီးချိုဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ရန်မှာ ၈၇သန်းသော ပြည်သူများအကြား ဆီးချိုရောဂါအန္တရာယ် သတိမူရေး၊တန်ဖိုးရှိ အဆီအဆိမ့်များသော အစားအစာများ စားသုံးမှုရှောင်ကြဉ်ရေး၊ လေ့ကျင့်ခန်းများ မှန်မှန်လုပ်ပြီး ကိုယ်အလေးချိန်လျှော့ချရေးတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုံ့ဆော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုးလာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ထုတ်ပြန်ကြေညာချက်အရ ဆီးချိုရောဂါဖြစ်ပွားသူများတိုးလာသဖြင့် ကမ္ဘာတစ်ဝန်းဆီးချိုရောဂါဝေဒနာရှင်ဦးရေမှာ ၂၀၀၃ခုနှစ်က ၁၉၄ သန်းရှိရာမှ ၂၀၂၅ခုနှစ်တွင် ၃၃၃သန်းအထိ တိုးလာနိုင်သည်ဟုဆိုသည်။

ခန့်မှန်း

ထိုသို့ ဆီးချိုရောဂါဝေဒနာရှင်များ တိုးလာခြင်းမှာ ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများ စားသုံးမှုများပြားလာခြင်း၊အဝလွန်ခြင်း၊လူနေမှုစနစ်ပြောင်းလဲလာခြင်း၊ အသက်အရွယ်ကြီး သူဦးရေ တိုးပွားလာခြင်းတို့ကြောင့် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ **အမ်အင်န်အေဆင်ဟွာ**

ဇင်ဘာဘွေရွေးကောက်ပွဲကိစ္စ ကုလကြားဝင်ရန် အတိုက်အခံခေါင်းဆောင်ရှန်ဂီရိုင်း မေတ္တာရပ်

အက္ကရာ ဧပြီ ၂၄

ဇင်ဘာဘွေအတိုက်အခံခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းက သူတို့နိုင်ငံ၏ ရွေးကောက်ပွဲရလဒ် ထွက်ပေါ်ရေး အကျပ်အတည်းတွင် ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂ(အေယူ)တို့ ကြားဝင်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုက်သည်။

ဇင်ဘာဘွေရွေးကောက်ပွဲရလဒ် အမြန်ထုတ်ပြန်ပေးရေး တောင်ပိုင်း အာဖရိက ဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်အေဒီစီ)၏ ကြိုးပမ်းချက်များမှာ အရာမထင်ဟု ရှန်ဂီရိုင်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းအားပြောကြားလိုက်ကြောင်း ကုလသမဂ္ဂ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

မေတ္တာရပ်ခံ

ဂါနာနိုင်ငံ အက္ကရာမြို့တော်၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် နာရီဝက်ခန့် တွေ့ဆုံစဉ် ဇင်ဘာဘွေ အတိုက်အခံ ခေါင်းဆောင်ရှန်ဂီရိုင်းက အထက်ပါအတိုင်း မေတ္တာရပ်ခံခြင်းဖြစ်သည်။

ပိုမိုဆိုးရွား

ဇင်ဘာဘွေ အခြေအနေမှာ ယခုအခါ ပိုမိုဆိုးရွားလာသည်ဟုလည်း ရှန်ဂီရိုင်းက တိုင်ကြားလိုက်သည်။ **(အင်တာနက်)**

တရုတ်၌ အင်တာနက် အသုံးပြုသူ ၂၂၁သန်းရှိလာ

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံ၌ ပြီးခဲ့သည့် ဖေဖော်ဝါရီလက အင်တာနက်အသုံးပြုသူအရေအတွက်မှာ ၂၂၁သန်းသို့ ရောက်ရှိလာခဲ့သဖြင့် ကမ္ဘာပေါ်တွင် အင်တာနက်အသုံးပြုမှု အများဆုံးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံကိုပင် ကျော်တက်သွားပြီးဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလွန်နည်းပါး

အင်တာနက် အသုံးပြုသူအရေအတွက်မှာ တိုးတက်များပြားလာလျက်ရှိသော်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးလျက်ရှိသေးကြောင်းလည်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

ပြောကြား

ကမ္ဘာ့လူဦးရေ၏ ၁၉ဒသမ ၁ရာခိုင်နှုန်းသာလျှင် အင်တာနက် အသုံးပြုနိုင်သေးကြောင်း တရုတ်သတင်းနှင့် ဆက်သွယ်ရေးဌာနက ပြောကြားသည်။ **(အင်တာနက်)**

သီရိလင်္ကာမြောက်ပိုင်း ဂျက်ဖ်နားကျွန်းဆွယ်၌ အစိုးရတပ်ဖွဲ့က တမီးလ်သူပုန်များ စစ်ဆင်ရေးဆင်နွှဲနေသည်ကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲကြီးဖြစ်ပွား သူပုန်နှင့် အစိုးရတပ်ဖွဲ့ဝင် အသေအပျောက်များပြား

ကိုလံဘို ဧပြီ ၂၄

သီရိလင်္ကာမြောက်ပိုင်း ဂျက်ဖ်နားကျွန်းဆွယ်၌ ဧပြီ၂၃ရက်က တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ တမီးလ်သူပုန်အနည်းဆုံး ၅၂ဦးသေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် ၃၈ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိ

ထိုတိုက်ပွဲအတွင်း မူဟာမာလိ စစ်မျက်နှာ၌ တပ်ပျက်သွားသည်အထိ တိုက်ပွဲပြင်းထန်ခဲ့၍ အစိုးရတပ်ဖွဲ့ဝင် ၈၀ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဖြစ်ပွား

သီရိလင်္ကာနိုင်ငံ၌ အစိုးရက ယခင်အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဖျက်သိမ်းလိုက်ပြီးနောက် ယခုနှစ် ဇန်နဝါရီလမှစ၍ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

တမီးလ်ကျားသူပုန်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာတွင် တပ်ရင်းနှစ်ရင်းပေါင်း၍တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ယူဒါယာနာနာယာကာရာက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးရဲ့ အိမ်ကွင်းရှုံးပွဲမရှိစံချိန် မန်ယူချိုးတော့မှာလား

လန်ဒန် ဧပြီ ၂၄

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ပြီးဆုံးပါတော့မယ်။ ရာသီကုန်ချိန်နီးလာလေ ပြိုင်ဆိုင်မှုပြင်းထန်လာလေဖြစ်တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေကတော့ ဘယ်အသင်း ဖလားရရှိသွားမလဲဆိုတဲ့အတွေးနဲ့ ပရိသတ်ရင်ကိုဆွဲကိုင်လှုပ်ရမ်းနေဆဲပဲဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကို ဧပြီ ၂၆ရက်နဲ့ ၂၇ရက်မှာ ကစားတဲ့အခါ ချယ်လ်ဆီးနဲ့မန်ယူတို့ ပွဲစဉ်ကတော့ ဒီနှစ်ပရီမီယာလိဂ်ဖလားဘယ်အသင်း ရရှိသွားမလဲဆိုတဲ့အဖြေကို ထုတ်ပေးမှာမို့ စိတ်ဝင်စားစရာကောင်းနေသလို တန်းဆင်းဇုန်အတွင်းက ရုန်းကန်ကြိုးစားနေတဲ့အသင်းတွေအတွက် ဘယ်အသင်း တန်းဆင်းသွားမလဲဆိုတာကလည်း ရင်ခုန်စရာကောင်းနေပြန်ပါတယ်။

ချယ်လ်ဆီးနှင့်မန်ယူ

ပထမအကျော့ မန်ယူကွင်းမှာ ကစားတုန်းက မန်ယူတို့နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိ ထားပါတယ်။ ချယ်လ်ဆီးနဲ့ မန်ယူတို့ ထိပ်တိုက်ဆုံတွေ့မှု ၁၄၉ ပွဲမှာ မန်ယူက ၆၅ပွဲနိုင်ထားပြီး ချယ်လ်ဆီးက ပွဲ ၄၀နိုင်ထားတဲ့အပြင် သရေပွဲက ၄၄ပွဲဖြစ်ထားခဲ့တာမို့ နှစ်သင်းစလုံး ဘယ်အသင်းမှ အသာစီးပြတ်ပြတ် သားသားတော့ မရနိုင်ပါဘူး။ ချယ်လ်ဆီးကွင်းမှာ မန်ယူတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံခဲ့တဲ့ ရလဒ်တွေအရ သရေပွဲတစ်ပွဲနဲ့ ချယ်လ်ဆီးက သုံးဂိုးပြတ်နဲ့ အနိုင်တစ်ပွဲ ရထားဖူးပါတယ်။ နှစ်သင်းစလုံးရဲ့ နောက်ဆုံးငါးပွဲ ရလဒ်ကိုကြည့်ရင် နှစ်သင်းစလုံး ရှုံးပွဲမရှိပါဘူး။

ချယ်လ်ဆီးအသင်းဟာ အိမ်ကွင်းမှာ လေးနှစ်ဆက်တိုက် ရှုံးပွဲမရှိသေးတဲ့ စံချိန်ပိုင်ရှင်ဖြစ်တာမို့ ဖာဂူဆန်အနေနဲ့ ဒီမှတ်တမ်းကို ချိုးဖျက်ပစ်နိုင်မလားဆိုတာ ကြည့်ရမှာပါ။ ဒီနှစ် ပရီမီယာလိဂ်ရဲ့ ဖလားရရှိရေး အဆုံးအဖြတ် ပွဲစဉ်ဖြစ်တာမို့ နှစ်သင်းစလုံးဟာ ခြေကုန်ထုတ် အပြတ်အသတ် ကစားကြမယ့်ပွဲ ဖြစ်ပါတယ်။ ဒီပွဲမှာ ချယ်လ်ဆီး တိုက်စစ်မှူးဒရော့ဘာ ခြေထောက်ဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသလို မန်ယူတိုက်စစ်မှူးရွှန်နေလည်း ဒူးဒဏ်ရာရရှိထားတာမို့ အင်တိုက်အားတိုက် ကစားနိုင်မှုရှိကြမှာတော့မဟုတ်ပါဘူး။ ချယ်လ်ဆီးကွင်းမှာ သွားကစားတဲ့အခါ မန်ယူတို့ ခံစစ်အထိုင်နဲ့ မကစားဖို့ လိုအပ်ပါတယ်။ ကွင်းလယ်ကစားအားမှာ ချယ်လ်ဆီးမှ လမ်းပတ်နဲ့ အက်ဆီယံတို့က မန်ယူကွင်းလယ်က ပေါလ်စခိုးတို့ထက် ပိုငြိမ်ပြီး ဖြတ်တောက်ဟန့်တားမှု ပိုကောင်းတာ တွေ့ရပါတယ်။ တိုက်စစ်ပိုင်းမှာ မန်ယူတို့က ပိုထက်မြက်ပြီး ဂိုးသွင်းလည်း ကောင်းမွန်တဲ့အပြင် အတွဲလည်း ညီကြပါတယ်။ မန်ယူခံစစ်မှူးတွေ ဒီထက်တည်ငြိမ်ဖို့ လိုအပ်တာတော့ အမှန်ပါပဲ။ မန်ယူဟာ ဒီပွဲမှာ သရေပွဲဖြစ်ရင်တောင် ဖလားရရှိရေး နီးစပ်သွားပြီမို့ ကြိုးစားကစားပါလိမ့်မယ်။ ဒီပွဲရဲ့ အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲလို့ မှန်းဆပါတယ်။

ဘာမင်ဂမ်နှင့် လီဗာပူး

တန်းမဆင်းရရေး ကြိုးစားနေတဲ့ ဘာမင်ဂမ်နဲ့ စတုတ္ထနေရာကို ခိုင်မြဲအောင် ကြိုးစားနေတဲ့ လီဗာပူးတို့ပွဲကတော့ လီဗာပူးတို့ ခက်ခက်ခဲခဲ ကစားရမယ့် ပွဲပါပဲ။ တန်းမဆင်းရရေးအတွက် ဦးတည်ပြီး လီဗာပူးကို ဘာမင်ဂမ်တို့ ကောင်းကောင်း ဒုက္ခပေးပါလိမ့်မယ်။ ဘာမင်ဂမ်ကွင်းမှာ နောက်ဆုံး နှစ်ကြိမ် ဘာမင်ဂမ်နဲ့ လီဗာပူးတို့ ကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် လီဗာပူးတို့ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ဘာမင်ဂမ်ရဲ့ ဖောင်ဖျက်ကစားမှု လီဗာပူးတို့ကြုံရနိုင်ပြီး ဘာမင်ဂမ်တစ်မှတ် လောက်တော့ရနိုင်ပါတယ်။

ဒါဘီနှင့် အာဆင်နယ်

အာဆင်နယ်အတွက် ဒီပွဲမှာ အရန်လူတွေနဲ့ပဲ ကစားသွားဖို့များနေပြီး ဒါဘီကတော့တန်းဆင်းရမှာ သေချာနေပေမယ့် ဂုဏ်သိက္ခာအတွက်ရှိသမျှအားနဲ့ အစွမ်းကုန် ကစားသွားမှာပါ။ အာဆင်နယ်ကလည်း ဒုက္ခပေးတတ်တဲ့ ဒါဘီကို သေသေချာချာတော့ ကစားမှာမို့ ဒါဘီတို့ ရှုံးပွဲပဲတိုးသွားမယ့်ပွဲ ဖြစ်ပါတယ်။ ဝေါလ်ကော့၊ အဒီဘာယောတို့ကြောင့် အာဆင်နယ်တို့ ဂိုးတွေရနိုင်တဲ့ အနေအထားရှိပါတယ်။

မန်ယူ၏သက်တော်ရှည်နည်းပြကြီး ဖာဂူဆန်

မန်စီးတီးနှင့်ဖူလ်ဟမ်

တန်းမဆင်းရေး ကြိုးစားနေတဲ့ ဖူလ်ဟမ်ဟာ နိုင်ပွဲရရင် မျှော်လင့်ချက်ရှင်သန်နိုင်သေးတာမို့ မန်စီးတီးကွင်းဖြစ်ပေမယ့် အဝင်အထွက်ရဲရဲနဲ့ ကစားပြီး ရသမျှအမှတ်ယူဖို့ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဖူလ်ဟမ်တိုက်စစ်မှူးဟီလေနဲ့ မက်ဘရိုက်တို့ အပေးအယူမျှပြီး ဂိုးသွင်းနိုင်နေတာကြောင့် မန်စီးတီးတို့ သတိထားရပါလိမ့်မယ်။ မန်စီးတီးတို့ကလည်း ဥရောပဝင်ခွင့် တစ်နေရာအတွက်အားတင်း ကစားမှာမို့ ဖူလ်ဟမ်တို့ ကြိုးစားပေမယ့် အမှတ်ရဖို့တော့ ခဲယဉ်းပါလိမ့်မယ်။



မန်ယူအတွက် ဂိုးအများဆုံးသွင်းပေးထားသည့် ဒိုလေး။

ဝီဂန်နှင့်ရက်ဒင်း

တန်းဆင်းဇုန်က လွတ်မြောက်ရေးအတွက် ရက်ဒင်းတို့ အိတ်သွန်ဖာမှောက် ကြိုးစားရမယ့်ပွဲပါ။ ရက်ဒင်းဟာ ၃၅ပွဲ ကစားပြီးချိန်မှာ အဆင့် ၁၇ မှာရှိနေတာမို့ အခုပွဲရှုံးတာနဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်သွားမှာ ဖြစ်တဲ့အတွက် ဝီဂန်ကွင်းမှာ ဆိုပေမယ့် နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ဝီဂန်ကွင်းမှာ နောက်ဆုံးနှစ်ကြိမ် ဆုံခဲ့တဲ့ရလဒ်က ရက်ဒင်းတို့နှစ်ပွဲစလုံးရှုံးခဲ့တာမို့ ဒီပွဲမှာ ရက်ဒင်းတို့ အားသွန်ကစားရမယ့်ကိန်းပါပဲ။

ဒ့ါအပြင် ဆန်းဒါးလန်းနဲ့ မစ်ဒယ်ဘရော့တို့ပွဲမှာလည်း ပထမအကျော့တုန်းက နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာမို့ မစ်ဒယ်ဘရော့တို့ အကျပ်အတည်း

နည်းပြဂရန့် နိုင်ပွဲရနိုင်ပါ့မလား

တွေ့နိုင်ပါတယ်။ ဒါပေမယ့် နောက်ဆုံး ဆန်းဒါးလန်းရဲ့ အိမ်ကွင်းရလဒ်တွေက ရှုံးပွဲ ဆက်တိုက်တိုးနေတာမို့ မစ်ဒယ်ဘရော့ရဲ့ အဲလ်ဗက်စ်၊ အလီဒါယေးနဲ့ ဒေါင်းနင်းတို့ကြောင့် မစ်ဒယ်ဘရော့ အနိုင်ရသွားနိုင်ပါတယ်။

စပါးနဲ့ ဘော်လ်တန်တို့ပွဲကတော့ ခြေယိုင်နေတဲ့စပါးကို တန်းမဆင်းရေးအတွက် ကြိုးစားနေတဲ့ ဘော်လ်တန်တို့ ဖိဖိစီးစီး ကစားပါလိမ့်မယ်။ ဒါပေမယ့် စပါးကွင်းမှာ ဘော်လ်တန်တို့ နိုင်ပွဲရတာ နည်းတာကြောင့် နိုင်ပွဲပျောက်နေတဲ့ စပါးတို့ အနိုင်ပြန်ရနိုင်ပါတယ်။ ။

ရေးသားသူ - မောင်မောင်မြင့်ဆွေ

အေစီကခေါ်ယူမယ့် ရော်နယ်ဒင်ဟို ဘာစီလိုနာက ဈေးအဆမတန်တောင်းနေ

မီလန် ဧပြီ ၂၄

ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုအား အေစီမီလန်က ခေါ်ယူစာချုပ်ရန်မှာ ဈေးအဆမတန်တောင်းနေ၍ လက်လျှော့ရဖွယ်ရှိကြောင်း အီတလီကလပ်အေစီမီလန်အသင်းဥက္ကဋ္ဌ ဘာလုကိုနီက ပြောကြားသည်။

ဘာစီလိုနာက ဈေးအဆမတန် တောင်းနေသော်လည်း မိမိတို့အနေဖြင့်ခေါ်ယူရန် သဘောတူညီချက် ရရှိထားပြီဖြစ်၍ မဖြစ်မနေကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ ရော်နယ်ဒင်ဟိုသည် ၂၀၀၆ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်သည်။

ပြောကြား

မိမိတို့အနေဖြင့် ရော်နယ်ဒင်ဟိုအား ခေါ်ယူစာချုပ်သွားရန် မျှော်လင့်ကြောင်း၊ အသင်းတိုက်စစ်အတွက် မဖြစ်မနေလိုအပ်နေကြောင်း ဘာလုကိုနီက ဆက်လက်ပြောကြားသည်။

အဆိုးရွားဆုံး

ရော်နယ်ဒင်ဟိုသည် ၂၀၁၀ပြည့်နှစ် တိုင်အောင် ဘာစီလိုနာအသင်းနှင့် စာချုပ်ချုပ်ဆိုထားသည်။

၎င်းသည် ၂၀၀၃ခုနှစ်တွင် ပဲရစ်စိန့်ဂျာမိန်းကလပ်မှ ဘာစီလိုနာသို့ ရောက်ရှိလာပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် အဆိုးရွားဆုံးဂိုးမသွင်းနိုင်ဘဲ ဖြစ်နေသည်။

အဆိုးရွားဆုံး

အသက် ၂၈နှစ်ရှိ ရော်နယ်ဒင်ဟိုသည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာရရှိထား၍ ဘာစီလိုနာအသင်း၌ ရာသီကုန်အထိ ကစားနိုင်ခြင်းမရှိပေ။

ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို

သို့သော်လည်း ယခုနှစ်ရာသီ၌ ပွဲပေါင်း၃၀သာ ပါဝင်ကစားနိုင်ခဲ့ပြီး ၁၃ ဂိုးသွင်းယူပေးထားသည်။

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟိုအား မီလန်၏ ပြိုင်ဘက်အင်တာမီလန်နှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့ကလည်း ခေါ်ယူရန် အဆက်အသွယ်ပြုလုပ်ထားသည်ဟုဆိုသည်။ **(အင်တာနက်)**

ဂျင်း(န်)အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် အိုချော လေးနှစ်ဆက်တိုက်ဖိုလ်စွဲနိုင်

အော်လန်ဒို ဧပြီ ၂၄

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီး အားကစားမယ် လိုရီနာအိုချောသည် ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့၌ ကျင်းပသည့် ဂျင်း(န်)အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လေးနှစ်ဆက်တိုက် အနိုင်ရဖိုလ်စွဲခဲ့သည်။

ဂျင်း(န်)အိုးပင်း ပြိုင်ပွဲတွင် လေးနှစ်ဆက်တိုက် အနိုင်ရ ဖိုလ်စွဲခဲ့သော ဂေါက်သီးအားကစားမယ် လိုရီနာအိုချော။

ကမ္ဘာ့နံပါတ်တစ်အိုချောသည် အဆိုပါဖလားကို လေးနှစ်ဆက်တိုက် ဖိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ၄၅နှစ်အတွင်း ဖလားလေးလုံးဆက်တိုက်ဆွတ်ခူးနိုင်သည့် ပထမဆုံး အယ်လ်ပီဂျီးအေတိုး ဂေါက်သီးအားကစားမယ်ဖြစ်လာသည်။

လျှော့ရိုက်

မက္ကဆီကိုနိုင်ငံသူ အိုချောသည် ယင်းပြိုင်ပွဲ နောက်ဆုံးရက်တွင် ၆၉ ချက်သာရိုက်ခဲ့၍ သုံးချက်လျှော့ရိုက်နိုင်ခဲ့ သည်။ တောင်ကိုရီးယားမှ ဂေါက်သီးအားကစားမယ် တီဆန်သည် ယင်းဂေါက်သီးရိုက်ပြိုင်ပွဲ၌ လေးရက်ကစားအပြီး စုစုပေါင်း ၁၅ချက်လျှော့ရိုက်နိုင်ခဲ့သည်။ သို့သော်လည်း ကမ္ဘာ့နံပါတ်တစ် အိုချောက ၁၆ချက်လျှော့ရိုက်နိုင်ခဲ့သည်။

ဖိုလ်စွဲခဲ့

ယင်းဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် အမျိုးသမီးဂေါက်သီး အားကစားမယ်ဖြစ်သည့် မစ်ကီရိုက်ဖ်သည် ၁၉၆၂ခုနှစ်နှင့် ၁၉၆၃ခုနှစ်အတွင်း ဖလားလေးလုံးဆက်တိုက် ဖိုလ်စွဲခဲ့ဖူးသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

- **မန်စီးတီးအသင်းနည်းပြ အဲရစ်ဆင်သည် လာမည့်ဘောလုံးရာသီအတွက် ဘာစီလိုနာမှ အေစီမီလန်သို့ ပြောင်းရွှေ့ရေး စေ့စပ်ဆွေးနွေးနေသော ဘရာဇီးနှင့် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုကို ခေါ်ယူစာချုပ်နိုင်မည်ဟု မျှော်လင့်လျက်ရှိသည်။**
- စပါးအသင်းနည်းပြ ဂျူအန်ဒီရာမို့စ်သည် အသင်း၏ခံစစ်အတွက် ယခုနွေရာသီတွင် ဘော်လ်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာကတည်းက ၁၇ပွဲသာ ကစားရသေးပြီး အသင်းတွင် အမြဲပွဲထွက်ခွင့်မရသူ အသက် ၂၆နှစ်ရှိ တယ်လ်ဘင်ဟိန်းအား ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- **ယခုနွေရာသီတွင် မစ်ဒယ်ဘရော့အသင်းမှ ပြောင်းရွှေ့ဖွယ်ရှိသည့် ဂိုးသမား မာ့ခ်ရှဝါဇာအား ဘိုင်ယန်မြူးနစ်၊ ဂျူဗင်းတပ်စ်နှင့် ဖီအိုရင်တီးနားအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။**
- အဲဗာတန်အသင်းသည် ဇင်းနစ်စိန့်ပီတာစဘတ်အသင်းမှ ရုရှားအသင်းခေါင်းဆောင် အင်ဒရီ အာရှာဗင်နှင့် စီအက်စ်ကေအေမော်စကိုအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဒူဒူးတို့ကို ခေါ်ယူစာချုပ်ရေး ဆက်သွယ်ဆွေးနွေးနေသည်။
- **ဒါဘီအသင်းနည်းပြ ပေါလ်ဂျီးဝဲလ်သည် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် အဲဗာတန်ကွင်းလယ်ကစားသမား လီကာစလေအား စာချုပ်ချုပ်ဆို ခေါ်ယူဖွယ်ရှိသည်။**
- အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်သည် အသင်းမှ ထွက်ခွာဖွယ်ရှိသည့် လီကာစလေ၏ နေရာတွင် အစားထိုးရန်အတွက် ပို့စ်မောက်ကွင်းလယ်ကစားသမား ဆီအန်ဒါဗစ်ကို လေ့လာစုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။
- **ဂျူဗင်းတပ်စ်အသင်းနည်းပြ ရေနီယာရီသည် ၎င်း၏ ချယ်လ်ဆီး ဂိုးသမားဟောင်း ကူဒီစီနီကို အသင်းသို့ ခေါ်ယူလိုသည်ဆိုသည်။**
- ဗလင်စီယာအသင်းသည် အသင်းမှထုတ်ပယ်လိုက်သောနည်းပြ ရော်နယ်လ်ကိုးမန်း၏နေရာတွင် အစားထိုးရန် လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်နှင့် မန်စီးတီးနည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်တို့ကို ပစ်မှတ်ထားလျက်ရှိသည်။
- **မန်ယူအသင်း ကွင်းလယ်တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုအနေဖြင့် နူးကင့်မ်သို့ ပြောင်းရွှေ့ကစားပါက ပိုမိုတိုးတက်မှုရှိလာမည်ဟု မိမိယုံကြည်ကြောင်း ဘာစီလိုနာကစားသမား ဇာဗီကပြောကြားလိုက်သည်။**

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒရယ်ား ဖလားရရှိရေး ရုန်းကန်ကြိုးစားနေရ

မီနာကို ဧပြီ ၂၄

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရယ်ားသည် ပြင်သစ်နိုင်ငံမိုနာကိုမြို့၌ ကျင်းပလျက်ရှိသည့် မွန်တီကာလိုဖလား တင်းနစ်ပြိုင်ပွဲတွင် စပိန်မှရူဘန်ရာမီယက်ဇ်နှင့် အကြိတ်အနယ်ကစားပြီး တတိယပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဆွတ်ခူးနိုင်ခဲ့

ရော်ဂျာဖက်ဒရယ်ားသည် အီစတော်ရီအိုးပင်း၌ အနိုင်ရဖိုလ်စွဲခဲ့ပြီးနောက် မွန်တီကာလိုဖလားပြိုင်ပွဲသို့ ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဖလားဆွတ်ခူးနိုင်မှု အလွန်နည်းပါးနေသည်။ မကြာမီ အီစတော်ရီအိုးပင်း ဖလားတစ်လုံးသာ ယခုနှစ်အတွင်း ဆွတ်ခူးနိုင်ခဲ့သည်။

ဖက်ဒရယ်ားသည် ဂရင်းဆလမ် ဖလား ၁၂လုံးအထိ ဆွတ်ခူးထားနိုင်သူဖြစ်သည်။ သို့သော်လည်း ယခုနှစ်အတွင်း ဖလားရရှိရေးရုန်းကန်ကြိုးစားနေရသည်။ ၎င်းသည် အမေရိကန်နိုင်ငံ မီယာမီ၌ကျင်းပသောပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် ပြိုင်ပွဲများအနိုင်ရမှု နည်းပါးသွားခဲ့သည်။

ယှဉ်ပြိုင်ကစား

စပိန်နိုင်ငံမှ ကမ္ဘာ့နံပါတ်-၂ ရာဖေးလ်နာဒယ်သည် ခရိုအေးရှားမှ မာစီယိုအန်ဆစ်ကို ၆-၀၊ ၆-၃ဖြင့် နိုင်လိုက်၍ စတုတ္ထအကြိမ်မြောက် မွန်တီကာလိုဖလား ဆက်တိုက်ဆွတ်ခူးရန် ခြေလှမ်းစတင်ပြင်ဆင်လိုက်သည်။ ၎င်းသည် လာမည့်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ကားလို့စ်ဖာရာရိုနှင့်ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ဖက်ဒရယ်ားက ပြင်သစ် တင်းနစ်ကစားသမား ဂေးလ်မွန်ဖေးလ်နှင့်ဆက်လက်ယှဉ်ပြိုင်ကစားရမည်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရယ်ား

ဖြစ်သည်။ ၎င်းသည် မွန်တီကာလိုဖလား ဆွတ်ခူးနိုင်ခဲ့လျှင် တင်းနစ်ကစားသမားဘဝတစ်လျှောက် ၅၄ လုံးမြောက် တစ်ဦးချင်းပြိုင်ပွဲဖလား ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ဒဏ်ရာရ

ရုရှားမှဒေဗီဒန်ကိုသည် အီတလီမှ ဆီမွန်နီဘိုလီအား ၆-၂၊ ၇-၆၊ ၇-၅ ဖြင့်နိုင်သည်။ ဒေဗီဒန်ကိုသည် အီစတော်ရီ အိုးပင်းဖိုလ်လုပွဲတွင် ဖက်ဒရယ်ားအား ဒဏ်ရာရထား၍ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုးစုစည်းသည်

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ်(

မိမိတို့၏ နိစ္စဓူဝ လူနေမှုကိစ္စအဝဝတွင် လျှပ်စစ်သုံးစက်ပစ္စည်းများ၏ ပံ့ပိုးအသုံးဝင်မှုသည် တစ်စထက်တစ်စ တိုးတက်၍ နေရာယူမှုမှန်းမသိ နေရာယူလာခဲ့ပြီး လျှပ်စစ်မီး ဆက်သွယ်အသုံးပြုခွင့်ရပြီးသူများကလည်း လျှပ်စစ်မီးကို အချိန်ပြည့်သုံးစွဲခွင့် ရလိုသည်။ အလားတူ လျှပ်စစ်မီး တရားဝင်သုံးစွဲခွင့် မရရှိသေးသူများအနေဖြင့်လည်း တရားဝင်ဓာတ်အား သုံးစွဲခွင့်ရရှိမည်ဆိုပါက မိမိ မိသားစု လူနေမှုဘဝ ပိုမိုလှပလာမည်ဖြစ်၍ တရားဝင် မီတာတပ်ဆင်ခွင့်ရရှိရေးကို တမ်းတကြသည်။

လက်ရှိ ဓာတ်အားထုတ်လုပ်နိုင်မှုသည် သုံးစွဲလိုသည့် ဓာတ်အားပမာဏကို ပြည့်မီခြင်းမရှိသေးသည့်တိုင် ရှေ့လာမည့် (၁)နှစ်ကျော်ကာလအတွင်း တည်ဆောက်ပြီးစီးမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးနှင့် စစ်တောင်းမြစ်ဝှမ်းမှ ရွှေကျင်၊ ဖြူး၊ ကွန်း ရေအားလျှပ်စစ်စီမံကိန်းများ၏ ဓာတ်အားပမာဏ မြင့်မားစွာ တိုးတက်ထုတ်လုပ်နိုင်သည်နှင့် တစ်ပြိုင်နက် ပြည်သူလူထု ဓာတ်အားသုံးစွဲခွင့် အသင့်ရရှိနေစေရေး ဦးတည်ချက်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း အဆင့်အဖြစ် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အိမ်သုံးမီတာ တပ်ဆင်ခွင့်ပြုခြင်းလုပ်ငန်းကို စနစ်တကျ စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

မီတာတပ်ဆင်ပေးနိုင်မှု အခြေအနေ

မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်တွင် လူဦးရေသည် (၃၉)သန်းခန့် ရှိခဲ့ပါသည်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းပြီးသည့် နောက်ပိုင်းအချိန်ဖြစ်သော ၂၀၀၈ခုနှစ်တွင် လူဦးရေသည် (၅၆)သန်းကျော်အထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာသော လူဦးရေနှင့်အညီ ဓာတ်အားစနစ်တကျ ဖြန့်ဖြူးပေးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ကြော်ငြာစာဖြင့် ပြည်သူလူထုအား အသိပေးကြေညာလျက် လျှပ်စစ် မီတာများ တပ်ဆင်ပေးခဲ့ပါသည်-

ကြော်ငြာစာ

၁။ အိမ်သုံးလျှပ်စစ်မီတာ လျှောက်လွှာများ လက်ခံနေပါသည်။ လျှောက်လွှာပုံစံကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် အခမဲ့ရယူ လျှောက်ထားနိုင်ပါသည်။

၂။ အိမ်သုံးမီတာလျှောက်လွှာ မှတ်ပုံတင်ကြေး(၁၀၀၀ိ) ပေးသွင်းပြီးပါက သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ လျှောက်လွှာရှင်နေအိမ်သို့ လာရောက်စစ်ဆေးရန် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဆက်သွယ်ရပါမည်။

၃။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မီတာတပ်ဆင်ခွင့် ရမည်ဖြစ်ပြီး အောက်ပါအတိုင်း ကျသင့်ငွေပေးသွင်းရပါမည်-

(က)	အိမ်သုံးမီတာသတ်မှတ်ကြေး	၅၀၀၀ိ/-
(ခ)	အာမခံစပေါ်ငွေ	၃၀၀၀ိ/-
(ဂ)	လျှပ်စစ်ကြိုးဆက်ခ/ကြိုးကြပ်ခ	၃၀၀၀ိ/-
	စုစုပေါင်း	၅၆၀၀၀ိ/-

၄။ အိမ်တွင်းဝိုင်ယာနှင့်လျှပ်စစ်ပစ္စည်းများကို အိမ်ရှင်မှ တာဝန်ယူ တပ်ဆင်ရပါသည်။ အိမ်တွင်း ဝိုင်ယာတပ်ဆင်မှုပြီးစီးပါက အပိုဒ်(၃)တွင် ဖော်ပြထားသော သတ်မှတ်ကျသင့်ငွေ ၅၆၀၀၀ိ/- ပေးသွင်းပြီးသည့်နေ့ရက်မှစ၍ တစ်ပတ်အတွင်း လျှပ်စစ်မီတာတပ်ဆင်ပေးမည် ဖြစ်သည်။

၅။ အိမ်သုံးမီတာ လျှောက်ထားခြင်း၊ တပ်ဆင်မှု ပြုလုပ်ခြင်းတို့အတွက် မည်သည့်နေရာ၊ မည်သူ့ဆီကမှ ထောက်ခံချက် တစ်စုံတစ်ရာ ယူရန်မလို(မလို)ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ဗိုလ်ချုပ်ခင်မောင်မြင့်
ဝန်ကြီး
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

သို့ဖြစ်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလအထိ တစ်နိုင်ငံလုံးတွင် မီတာတပ်ဆင်ပေးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပြည်နယ်နှင့်တိုင်းအလိုက် အိမ်ထောင်စုဦးရေ တပ်ဆင်ပြီး မီတာလုံးရေနှင့် ဆက်လက်တပ်ဆင်ရမည့် မီတာလုံးရေစာရင်း

စဉ်	ပြည်နယ်/တိုင်း	အိမ်ထောင်စု ဦးရေ	၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ(၃၁) ရက်နေ့ရှိ တပ်ဆင်ပြီး	
			မီတာလုံးရေ	အိမ်ထောင်စု အပေါ် %
၁	မန္တလေး	၁၀၄၇၁၃၆	၂၈၀၈၄၄	၂၇ %
၂	စစ်ကိုင်း	၈၉၉၂၈၄	၁၁၅၉၆၈	၁၃ %
၃	ဧရာဝတီ	၁၁၄၀၄၈၅	၉၀၇၅၇	၈ %
၄	မကွေး	၆၇၉၂၅၇	၈၈၄၀၇	၁၃ %
၅	ပဲခူး(အရှေ့)	၅၆၅၃၁၁	၉၇၉၆၈	၁၇ %
၆	ရှမ်း(တောင်)	၃၃၉၄၄၈	၆၃၂၂၄	၁၉ %
၇	ပဲခူး(အနောက်)	၃၉၈၉၈၇	၆၃၇၆၂	၁၆ %
၈	မွန်	၃၁၅၅၃၁	၅၈၅၁၀	၁၉ %
၉	ရှမ်း(မြောက်)	၂၉၃၉၈၀	၃၀၄၃၃	၁၀ %
၁၀	ကချင်	၁၈၉၇၉၁	၂၆၃၅၄	၁၄ %
၁၁	ရခိုင်	၄၇၉၁၈၇	၂၃၆၀၆	၅ %
၁၂	ကရင်	၂၂၉၇၀၀	၂၂၁၇၈	၁၀ %
၁၃	တနင်္သာရီ	၁၈၇၄၁၃	၁၇၇၃၇	၉ %
၁၄	ကယား	၃၇၉၆၀	၁၄၈၁၃	၃၉ %
၁၅	ရှမ်း(ရှေ့)	၁၁၈၅၆၄	၁၃၄၅၆	၁၁ %
၁၆	ချင်း	၇၅၇၂၆	၉၃၅၇	၁၂ %
ပြည်နယ်/တိုင်း(ရန်ကုန်မပါ)ပေါင်း		၆,၉၉၇,၇၆၀	၁,၀၁၇,၃၇၄	၁၅ %
၁၇	ရန်ကုန်တိုင်း	၁,၀၈၁,၅၆၇	၇၃၂,၂၃၀	၆၈ %
	စုစုပေါင်း	၈,၀၇၉,၃၂၇	၁,၇၄၉,၆၀၄	၂၂ %

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဖွဲ့စည်းပြီး တစ်နှစ်ကျော်ကာလအတွင်းတွင် အိမ်ထောင်စုငါးသိန်းနီးပါးခန့်အား လျှပ်စစ်မီတာများ ထပ်မံတပ်ဆင်ပေးနိုင်ခဲ့ပါသည်-

နမ့်ဆောင်ငေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ။

မိမိတို့၏ နိစ္စဓူဝ လူနေမှုကိစ္စအဝဝတွင် လျှပ်စစ်သုံး စက်ပစ္စည်းများ၏ ပံ့ပိုးအသုံးဝင်မှုသည် တစ်စထက်တစ်စ တိုးတက်၍ နေရာယူမှုမှန်းမသိ နေရာယူလာခဲ့ပြီး လျှပ်စစ်မီးဆက်သွယ် အသုံးပြုခွင့် ရပြီးသူများကလည်း လျှပ်စစ်မီးကို အချိန်ပြည့်သုံးစွဲခွင့် ရလိုသည်။ အလားတူ လျှပ်စစ်မီး တရားဝင်သုံးစွဲခွင့် မရရှိသေးသူများအနေဖြင့်လည်း တရားဝင်ဓာတ်အား သုံးစွဲခွင့်ရရှိမည်ဆိုပါက မိမိမိသားစု လူနေမှုဘဝ ပိုမိုလှပလာမည်ဖြစ်၍ တရားဝင် မီတာတပ်ဆင်ခွင့်ရရှိရေးကို တမ်းတကြသည်။

လျှပ်စစ်ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန် လျှပ်စစ်ဝန်ထမ်းများ ဤသို့သက်စွန့်ဆံ လုပ်ဆောင်ကြရသည်။

တိုးတက်လာသော လူဦးရေ/အိမ်

အကြောင်းအရာ	ရေတွက်ပုံ
လူဦးရေ	သန်း
စုစုပေါင်းအိမ်ထောင်စု	သန်း
မီတာတပ်ပြီးအိမ်ထောင်စု	သန်း
မီတာတပ်ပြီး	(%)

မီတာသုံးစွဲယူနစ် ဖတ်ယူမှုအခြေအနေ

ဓာတ်အားသုံးစွဲလိုသူများအား လျှပ်စ
တကျ မီတာတပ်ဆင်ခွင့်များ တိုးချဲ့စီစဉ်
ထားသည့်အတိုင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဝ
ဇန်နဝါရီလတွင် တပ်ဆင်ပြီး မီတာလုံးရေ ၁

မီတာလုံးရေတစ်သန်းကျော် တိုးတက
ဓာတ်အားခတောင်းခံလွှာ(ဘီလ်)ပေးဝေခြင်းလုပ်
လိုအပ်လာသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ
အတိုင်း ဖတ်ယူဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သောတစ်လတာ ဓာတ်အားသုံးစွဲမှ
စာရေးများက အိမ်တိုင်ရာရောက် ဖတ်ယူလျက
သတ်မှတ်ထားကြောင်း သိရှိရသည်-

မြို့ပေါ်တွင်

မီတာဖတ်စာရေး(ကျား)တစ်ဦး
မီတာဖတ်စာရေး(မ)တစ်ဦးလျှ

နယ်တွင်

မီတာဖတ်စာရေး(ကျား)တစ်ဦး
မီတာဖတ်စာရေး(မ)တစ်ဦးလျှ

တောင်ပေါ်ဒေသတွင်

မီတာဖတ်စာရေး(ကျား)တစ်ဦး
မီတာဖတ်စာရေး(မ)တစ်ဦးလျှ

မီတာဖတ်စာရေးတစ်ဦးလျှင် တာဝန်ယူ
မီတာများတပ်ဆင်ထားရှိမှုသည် နယ်မြေဧရိယာ
လည်း နယ်နှင့်တောင်ပေါ်ဒေသများတွင် မီတာ
သတ်မှတ်ကာလအတွင်း မီတာဖတ်စာရေးတစ်ဦ
နှင့် လုပ်ငန်းနိုင်နင်းမှုရှိစေရန် ပထဝီမြေပြင်အနေ

လစဉ် ဓာတ်အားသုံးစွဲယူနစ်ဖတ်ယူခြ
ဖြန့်ဝေခြင်း၊ ဓာတ်အားခကောက်ခံခြင်း လုပ်ငန်
ဝင်ငွေကို မှန်ကန်စွာ ရှာဖွေရေးအတွက် ဆောင်
ဗဟုသုတဖြစ်စေရန် အာရှဒေသတွင်းနိုင်ငံများ
မည်ဖြစ်ပါသည်။ ။

နေသော
တ်အားပေးစနစ်(၈)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်းကို လျှပ်စစ်ဝန်ထမ်းများ ဤသို့ သက်စွန့်ဆံဖျား လုပ်ဆောင်ကြရသည်။

တိုးတက်လာသော လူဦးရေ/အိမ်ထောင်စုနှင့် မီတာတပ်ဆင်ပေးနိုင်မှုအခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈ခုနှစ်	၂၀၀၅-၂၀၀၆ခုနှစ်	၂၀၀၈ခုနှစ်၊ ဇန်နဝါရီလအထိ
လူဦးရေ	သန်း	၃၉	၅၅·၃	၅၆·၃၈
စုစုပေါင်းအိမ်ထောင်စု	သန်း	၅·၅၈၉	၈·၀၁၅	၈·၀၇၉
မီတာတပ်ပြီးအိမ်ထောင်စု	သန်း	၀·၆၁၂	၁·၂၆၉	၁·၇၅၀
မီတာတပ်ပြီး	(%)	၁၀·၉၅	၁၅·၈၃	၂၁·၆၆

မီတာသုံးစွဲယူနစ် ဖတ်ယူမှုအခြေအနေ

ဓာတ်အားသုံးစွဲလိုသူများအား လျှပ်စစ်ဓာတ်အား တရားဝင်ဆက်သွယ်သုံးစွဲခွင့်ရရှိစေရန် စည်းစနစ်တကျ မီတာတပ်ဆင်ခွင့်များ တိုးချဲ့စီစဉ်ဆောင်ရွက်ပေးထားသည်နှင့်အမျှ အထက်ဇယားဖြင့် တင်ပြထားသည့်အတိုင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တပ်ဆင်ပြီး မီတာလုံးရေ ၀·၆၁၂သန်းသာရှိရာမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် တပ်ဆင်ပြီး မီတာလုံးရေ ၁·၇၅သန်းအထိ ရောက်ရှိလာသည်။

မီတာလုံးရေတစ်သန်းကျော် တိုးတက်လာခဲ့ရာ လစဉ်ဓာတ်အားသုံးစွဲယူနစ် ဖတ်ယူခြင်းလုပ်ငန်းနှင့် ဓာတ်အားခတောင်းခံလွှာ(ဘီလ်)ပေးဝေခြင်းလုပ်ငန်းအား စနစ်တကျနှင့်မှန်ကန်မှုရှိရန် ပို၍ဂရုစိုက်ဆောင်ရွက်ရေး လိုအပ်လာသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၏ တစ်လတာဓာတ်အားသုံးစွဲမှုပမာဏကို လစဉ်အောက်ပါစနစ်အတိုင်း ဖတ်ယူဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သောတစ်လတာ ဓာတ်အားသုံးစွဲမှု(ဓာတ်အားယူနစ်) ပမာဏကို လဆန်း၅ရက်အတွင်း မီတာဖတ်စာရေးများက အိမ်တိုင်ရာရောက် ဖတ်ယူလျက်ရှိရာ မီတာဖတ်စာရေးတစ်ဦး၏တာဝန်ကို အောက်ပါအတိုင်း သတ်မှတ်ထားကြောင်း သိရှိရသည်-

မြို့ပေါ်တွင်

မီတာဖတ်စာရေး(ကျား)တစ်ဦးလျှင် မီတာလုံးရေ (၁၀၀၀)
မီတာဖတ်စာရေး(မ)တစ်ဦးလျှင် မီတာလုံးရေ (၈၀၀)

နယ်တွင်

မီတာဖတ်စာရေး(ကျား)တစ်ဦးလျှင် မီတာလုံးရေ (၈၀၀)
မီတာဖတ်စာရေး(မ)တစ်ဦးလျှင် မီတာလုံးရေ (၇၀၀)

တောင်ပေါ်ဒေသတွင်

မီတာဖတ်စာရေး(ကျား)တစ်ဦးလျှင် မီတာလုံးရေ (၇၀၀)
မီတာဖတ်စာရေး(မ)တစ်ဦးလျှင် မီတာလုံးရေ (၆၀၀)

မီတာဖတ်စာရေးတစ်ဦးလျှင် တာဝန်ယူရမည့် မီတာလုံးရေး သတ်မှတ်ချက်ကွာခြားရခြင်းမှာ မြို့ပေါ်တွင် မီတာများတပ်ဆင်ထားရှိမှုသည် နယ်မြေဧရိယာတစ်ခုအတွင်း အလုံးရေများများ တစ်စုတစ်ဝေးတည်းရှိနိုင်သော်လည်း နယ်နှင့်တောင်ပေါ်ဒေသများတွင် မီတာတပ်ဆင်မှု အနေအထားမှာ နေရာကျဲပြန့်စွာ တည်ရှိသည့်အတွက် သတ်မှတ်ကာလအတွင်း မီတာဖတ်စာရေးတစ်ဦးအနေဖြင့် သွားလာဖတ်ရှုနိုင်မှုအတွက် လုံလောက်သောအချိန်နှင့် လုပ်ငန်းနိုင်နင်းမှုရှိစေရန် ပထဝီမြေပြင်အနေအထားအရ စီစဉ်သတ်မှတ်ပေးထားခြင်းဖြစ်သည်ဟု သိရသည်။

လစဉ် ဓာတ်အားသုံးစွဲယူနစ်ဖတ်ယူခြင်း၊ စာရင်းရေးသွင်း တွက်ချက်ခြင်း၊ ဓာတ်အားခ တောင်းခံလွှာဖြန့်ဝေခြင်း၊ ဓာတ်အားခကောက်ခံခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တို့အား လစဉ်အချိန်ဇယားချမှတ်၍ နိုင်ငံတော်၏ ဝင်ငွေကို မှန်ကန်စွာ ရှာဖွေရေးအတွက် ဆောင်ရွက်လျက်ရှိပုံ၊ ဓာတ်အားခနှုန်းထားများနှင့် စာဖတ်သူတို့အတွက် ဗဟုသုတဖြစ်စေရန် အာရှဒေသတွင်းနိုင်ငံများ၏ လက်ရှိဓာတ်အားခ နှုန်းထားများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ။

ဘားအံအသင်း သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၂၄

ဘားအံမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကို ဧပြီ၂၇ရက် နံနက်၉နာရီတွင် အသင်းတည်ရှိရာ မြရတနာကျောင်း (ရွှေကြက်ယက်ကျောင်းဝင်း) ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း) ဖုန်း-၀၉-၅၁-၇၄၀၅၈၊ ဦးစောကျော်ငြိမ်း ဖုန်း-၀၉-၅၀-၀၂၁၂၄၊ ဦးသန်းရွှေ ဖုန်း-၀၉-၅၆-၆၀၄၃၂၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၈၃၁၀၊ ဦးကျင်ပိုင် ဖုန်း-၀၉-၅၀-၁၁၂၂၈၊ ဦးညဏ်ဝင်း ဖုန်း-၀၉-၈၀-၂၂၂၄၇၊ ဦးစောမောင်မောင်ဦး ဖုန်း-၀၉-၈၀-၃၁၂၇၆နှင့် ဒေါ်အေးအေးမိုး ဖုန်း-၀၁-၅၀၄၂၈၅တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

● ကျောဖုံးမှ

ဒီပန်းချီပြပွဲမှာ ပါဝင် ရေးဆွဲပြသတဲ့သူတွေထဲမှာ မျက်စိအမြင်ချို့တဲ့နေတဲ့သူ တစ်ဦးအပါအဝင် ဉာဏ်ရည်နိမ့်တဲ့ လူငယ်တွေနဲ့ ကိုယ်အင်္ဂါမသန်စွမ်းသူတွေ ပါဝင်ကြပါတယ်။

ပထမဆုံး

ဒီပန်းချီပြပွဲမှာ ပါဝင်ပြသတဲ့ ပန်းချီဆရာ ဇင်မင်းထက်ကတော့ ʻမသန်စွမ်းသူတွေစုပေါင်းပြီးပထမဆုံးပြသတဲ့ ပန်းချီပြပွဲဖြစ်ကြောင်း၊ ဒီပွဲမှာ ရေ၊ ဆီ၊ အခရိုင်းလစ်၊ ပိုစတာ၊ နီး၊ ခဲပန်းချီနဲ့ မင်ပန်းချီကားတွေ ပါဝင်ကြောင်း၊ ဒီလို ပြပွဲပြုလုပ်တာဟာ မသန်စွမ်းသူတွေမှာ အခြားလူတွေလို အနုပညာ ခံစားချက်ရှိကြောင်း၊ အဲဒီ ခံစားချက်တွေကို ပန်းချီအနုပညာနဲ့ ဖန်တီးဖော်ပြနိုင်စွမ်းရှိတယ်၊ မသန်စွမ်းပေမယ့် အခြားသူတွေ နဲ့အတူတူ စွမ်းဆောင်နိုင်တယ်ဆိုတာကို ပြသချင်လို့ဖြစ်ကြောင်း' ပြောပြပါတယ်။

“မသန်စွမ်းပေမယ့် အခြားသူတွေနဲ့အတူတူ စွမ်းဆောင်နိုင်တယ်ဆိုတာ ပြချင်လို့ပါ”
(ပန်းချီ-ဇင်မင်းထက်)

ဒီပန်းချီပြပွဲမှာ ဇင်မင်းထက် တစ်ဦးတည်းက ပန်းချီကား ၃၅ကားပြသထားပြီး သူ့ရဲ့ **ʻဉသြရယ်မတွန်ပါနဲ့ ဘာကြောင့်လဲဆိုတော့…'**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကတော့ နွေရာသီမှာ အရွက်တွေကြွေနေတဲ့ သစ်ပင်မြင့်ဆီက ဥသြငှက်ရဲ့တွန်ဟန်၊ အလင်းရောင်ထိနေတဲ့ သစ်ရွက်တွေကို အဖြူ၊ အဝါ၊ အနီ၊ အပြာ၊ အညိုရောင်တွေနဲ့ အလိုက်သင့် ရေးဆွဲထားတာဟာ ပန်းချီကားရဲ့ လွမ်းမောစရာကောင်းတဲ့ မြင်ကွင်းကို အထင်းသားပေါ်လွင်နေပါတယ်။ ဆရာ ဇင်မင်းထက်ဟာ ပိုလီယိုရောဂါ ခံစားနေသူဖြစ်ပေမယ့် တကယ့်ကိုခံစားမှုရသမြောက်အောင် ခြယ်မှုန်းနိုင်သူ တစ်ဦးဖြစ်ပါတယ်။

နောက်ထပ်စိတ်ဝင်စားစရာ ပန်းချီကား တစ်ချပ်ကတော့ မွေးရာပါလက်နှစ်ဖက် စလုံးချို့ယွင်းနေပြီး ဘယ်ခြေနဲ့ရေးဆွဲထားတဲ့ ကိုတင့်ရဲ့ **ʻရှေးပုဂံမြင်ကွင်း'**လို့ အမည်ပေးထားတဲ့ ပန်းချီကားပါပဲ။ ပုဂံမှာရှိတဲ့ ဂေါတော့ပလ္လင်ရဲ့ အနီးဝန်းကျင်မြင်ကွင်းဖြစ်ပါတယ်။ ပုဂံစေတီ ပုထိုးတွေ၊ သစ်ပင်အုပ်စိမ်းစိမ်းနဲ့ ပြာလဲ့လဲ့ကောင်းကင်မှာ အဖြူရောင် တိမ်တိုက်တွေ လွင့်မျောနေပုံကို နီညိုရောင်၊အဝါရောင်တွေပေါင်းစပ်ပြီး အလင်းရောင်ပါးပါးထိနေပုံက ပန်းချီကားကို အသက်ဝင်နေစေပါတယ်။ ပုဂံစေတီတွေကို စိတ်တိုင်းကျဖူးတွေ့ရတဲ့ ကြည်ညိုစိတ်လည်း ဖြစ်ပေါ်ရတဲ့ ပန်းချီကားပါပဲ။

ဆန်ဖွပ်ခြင်း

ʻဆန်ဖွပ်ခြင်း'လို့ အမည်ပေးထားတဲ့ ပန်းချီကားကတော့ ကိုယ်အင်္ဂါချို့ယွင်းပြီး ခြေမသန်ဖြစ်နေတဲ့ နော်အဲလေးဖောရဲ့ ရေဆေးပန်းချီကားဖြစ်ပါတယ်။ ပဒေါင်အမျိုးသမီးနှစ်ဦး နေအိမ်ရှေ့မှာ ဆန်ဖွပ်နေကြတဲ့ပုံဖြစ်ပြီး သူတို့ရဲ့ ရိုးရာဝတ်စုံတွေအပေါ် နံနက်ခင်း အလင်းရောင်ကျရောက်နေပုံ၊ အနီးမှာမွေးမြူထားတဲ့ ကြက်လေးတွေအစာစားနေကြပုံ သဘာဝမြင်ကွင်းကို အဖြူ၊ အပြာ၊ နီညို အရောင်တွေနဲ့ ပေါင်းစပ်ပြီးသဘာဝကျအောင် ရေးဆွဲထားတာမို့ တကယ့်မြင်ကွင်းကို ကိုယ်တိုင်ကြည့်ရှုနေရသလိုပါပဲ။

ကျေးလက်သဘာဝ

ʻကျေးလက်သဘာဝ'လို့အမည်ပေးထားတဲ့ နီးပန်းချီကားကတော့ မျက်စိအမြင်ချို့ယွင်းနေတဲ့ ကိုအေးသိန်းရဲ့ လက်ရာပဲဖြစ်ပါတယ်။ နီးတွေကို စနစ်တကျဖြတ်တောက်ပြီး ပုံဖော်ကာ ကော်နဲ့ကပ်ထားခြင်းဖြစ်ပြီး အနုပညာ

ကိုတင့်၏ ''ရှေးပုဂံမြင်ကွင်း'' ပန်းချီကားက မြန်မာ့ယဉ်ကျေးမှုကို ထင်ဟပ်ဖော်ညွှန်းထားသည်။

ဝင်စားမှုအာရုံကြောင့် နီးပြားတွေနဲ့ပြုလုပ်ထားတဲ့ ထန်းပင်၊လှည်းယာဉ်၊နွားနဲ့ မောင်းသူတို့ရဲ့ သရုပ်သဏ္ဌာန်ဟာ ထိထိမိမိပေါ်လွင်နေပါတယ်။ အဝါရောင်ဖျော့ဖျော့ကို အသုံးပြုထားတာမို့ ကြည့်ရှုရတာ ပသာဒလည်း ဖြစ်စရာကောင်းပါတယ်။

နောက်ထပ်စိတ်ဝင်စားစရာကောင်းတာကတော့ ခန္ဓာကိုယ် ကြွက်သားတွေ အားနည်းနေတဲ့ စည်သူအောင်ရဲ့ **ʻသိမ်းငှက်'**လို့ အမည်ပေးထားတဲ့ ပိုစတာဖြစ်ပါတယ်။ အပြာရောင်နုနု ရေလှိုင်းတွေပေါ်မှာ ပျံသန်းနေတဲ့ သိမ်းငှက်ရဲ့ပုံ၊ နီရဲနေတဲ့ နေလုံးတွေကို အဝါရောင်ဖျော့ဖျော့ နောက်ခံကောင်းကင်နဲ့ လိုက်ဖက်အောင် လက်စွမ်းပြထားတာမို့ ပီပြင်ရှင်းလင်းပြီး သိမ်းငှက်ရဲ့ပျံသန်းမှု အားမာန်ကို တွေ့မြင်ရပါတယ်။

ဒါကြောင့် မသန်စွမ်းသူတွေရဲ့ ပန်းချီအနုပညာ အားထုတ်ဖော်ပြမှုဟာ ကြည့်သူရင်ကို စူးစူးနစ်နစ်ခံစားမှုဖြစ်စေအောင် ခြယ်မှုန်းထားနိုင်တဲ့ ပန်းချီကားတွေချည်းဖြစ်တာမို့ ကိုယ်တိုင် လေ့လာကြည့်ရှုသင့်ပါကြောင်း ပန်းချီအနုပညာသတင်း ဖြန့်ဝေပေးလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

လွမ်းမောစရာကောင်းလှသည့် ဇင်မင်းထက်၏ ''ဥသြရယ်မတွန်ပါနဲ့ ဘာကြောင့်လဲဆိုတော့…'' ပန်းချီကား၏ ရသ။

အနှစ်က ... စေတနာ

လေ့လာသူတစ်ဦး

မြန်မာနိုင်ငံသည် အခြေခံဥပဒေနှစ်ခု ကျင့်သုံးခဲ့ဖူးသည်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ ဖြစ်သည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)မှစတင်၍ ထိုအခြေခံဥပဒေကို ကျင့်သုံးခဲ့သည်။ ထိုအခြေခံဥပဒေနှင့်အညီ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာ ပါတီနိုင်ငံရေးသမားများ၏ အလွဲသုံးစားပြုမှုများကြောင့် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထိုအခြေခံဥပဒေ ပျက်ပြယ်ခဲ့ရသည်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လမ်းစဉ်ပါတီခေတ်၌ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုခဲ့သည်။ ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းကျော်၏ ထောက်ခံမဲဖြင့် ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ထိုအခြေခံဥပဒေသည် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ရာ တစ်ပါတီစနစ်၏ အားနည်းချက်များကြောင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပျက်ပြယ်ခဲ့ရသည်။

ယင်းအခြေခံဥပဒေနှစ်ခု ပျက်ပြယ်ခဲ့မှုကြောင့် မြန်မာနိုင်ငံတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရန် လိုအပ်ခဲ့သည်။ သို့မှသာ ဖြစ်ပေါ်လာသည့် အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တစ်ခဲနက် တည်ဆောက်နိုင်မည် ဖြစ်သည်။

ယနေ့နိုင်ငံသူ နိုင်ငံသားများသည်အေးချမ်းသာယာ လွတ်လပ်စွာ အာမခံချက်ရှိရှိဖြင့် နေထိုင်သွားလာ ကူးသန်းရောင်းဝယ်အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် လူမှုစီးပွားရေးဘဝ အခြေအနေကို ပြည့်ဝအောင် ဖော်ဆောင်ပေးမည့် နိုင်ငံရေးပတ်ဝန်းကျင်အခြေခံကောင်းကို မျှော်လင့်စောင့်စားလျက် ရှိနေပေသည်။

မြန်မာနိုင်ငံသားတို့၏ ယင်းမျှော်လင့်ချက်ကို သမိုင်းကြောင်းနောက်ခံ၊ နိုင်ငံ့ပကတိအခြေအနေတို့နှင့်အညီ အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် ယခု ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ထွက်လာခြင်းဖြစ်သည်။ ယခု အခြေခံဥပဒေသည် ယခင်အခြေခံဥပဒေနှစ်ခု၏ ပျော့ကွက်၊ ဟာကွက်နှင့် အားနည်းချက်များကို ရှောင်ရှားထားသည်။ ရှိရင်းစွဲ ပြည်ထောင်စုစနစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ တိုးချဲ့ ဖွဲ့စည်းထားသည်။

ဥပဒေပြုရေးအာဏာကို ဗဟိုရှိ ပြည်ထောင်စုလွှတ်တော်မှ ချုပ်ကိုင်ထားခြင်းမပြုဘဲ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအထိ ခွဲဝေအပ်နှင်းထားသည်။ ဥပဒေပြုရေးအာဏာ ကျင့်သုံးရာတွင် လူဦးရေအနည်းအများအလိုက် လွှမ်းမိုးမှု မပြုနိုင်ရေးအတွက် လူနည်းစုတိုင်းရင်းသားလူမျိုးများအတွက်ပါ အခွင့်အရေးများ ပေးထားသည်။

အုပ်ချုပ်ရေးအာဏာကို ဗဟိုတွင် သန့်ရှင်းပြီး ခိုင်မာတောင့်တင်းသော သမ္မတဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အား အပ်နှင်းထားသည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌လည်း ဝန်ကြီးချုပ်အသီးသီးဦးဆောင်သည့် အစိုးရအဖွဲ့များအား အာဏာခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများတွင် ဦးစီးအဖွဲ့များအား ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာကို ပူးတွဲကျင့်သုံးစေမည်ဖြစ်သည်။

တရားစီရင်ရေးအာဏာ ကျင့်သုံးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်သွားပေမည်။

အဆိုပါ အာဏာသုံးရပ်ကို ဖော်ပြပါ အဖွဲ့အစည်းအဆင့်ဆင့် သုံးရပ်ခွဲဝေကျင့်သုံးရာတွင် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲစေသကဲ့သို့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများ ပြုထားသည်။

ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ပေးသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရသည်။ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းမှာ(၅)နှစ်ဖြစ်သည်။ ရာထူးသက်တမ်း(၂)ကြိမ်အထိ ထမ်းဆောင်ခွင့်ပြုထားသည်။ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ သက်တမ်းမှာလည်း (၅)နှစ်ဖြစ်သည်။ အခြားဥပဒေပြုရေး

အဖွဲ့အဆင့်ဆင့်နှင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ သက်တမ်းမှာ ထိုအတိုင်းပင် ဖြစ်သည်။

သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အကြီးအမှူးဖြစ်သူ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်တရားသူကြီးများ၏ ရာထူးသက်တမ်းကို သတ်မှတ်ထားသော အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက်(၇၀)ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့် ပြုထားသည်။ ယင်းသည် တရားစီရင်ရေးအာဏာကို မည်သည့်စွက်ဖက်မှုမျှမပါဘဲ ဖြောင့်မတ်မှန်ကန်စွာ ပိုင်းခြားနိုင်ခွင့်ပြုထားခြင်းပင်ဖြစ်သည်။

ယခုအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို ရှုထောင့်အဖုံဖုံမှ စာနယ်ဇင်းသမားများက ရေးသားတင်ပြလျက်ရှိသည်။ လက်တွေ့ကျင့်သုံးရာတွင် အားနည်းချို့ယွင်းချက်များ ရှိလာပါကပြင်ဆင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လေ့လာလျှင် ပြည်သူလူထု၏ကိုယ်စား ကိုယ်စားလှယ်များက အနာဂတ်နိုင်ငံတော်ကို မည်သို့မည်ပုံတည်ဆောက်ကြမည်၊ ခိုင်မာတောင့်တင်း သန့်ရှင်းပြီး သွက်လက်ထက်မြက်သည့် အစိုးရအဖွဲ့ကို မည်ကဲ့သို့ဖွဲ့စည်းဆောင်ရွက်မည်၊ ရှေ့ဆက်ကျင့်သုံးမည့် နိုင်ငံရေး၊ အခြေခံမူဝါဒသဘောထားမှာ ဤကဲ့သို့ဖြစ်သည်၊ မည်သည့်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်သစ်ကို ထူထောင်မည်၊ နိုင်ငံသား(တိုင်းရင်းသား)တို့အတွက် ရပိုင်ခွင့်နှင့် အခွင့်အရေးများ မည်မျှပေးထားသည်၊ နိုင်ငံသားတို့ မူလအခွင့်အရေးများကို မည်ကဲ့သို့ကာကွယ်စောင့်ရှောက်ပေးသွားမည်၊ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို မည်သို့တည်ထောင်ဖွဲ့စည်းမည်၊ ပိုင်းခြားကျင့်သုံးမည်၊ အပြန်အလှန် ထိန်းညှိမည်စသည့် လုပ်ငန်းတာဝန်ကြီးများကို ရှင်းလင်းမြင်သာစွာ ရေးသားဖော်ပြထားကြောင်း တွေ့ရှိနိုင်ပေသည်။

" အမှန်စင်စစ် အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်၏ အခြေခံသဘောထား၊ သဘောတရားများနှင့် နိုင်ငံတော်အာဏာကို ခွဲဝေသုံးစွဲရန် အဖွဲ့အစည်းများတည်ထောင်ပုံ၊ ဆက်သွယ်ပုံကို ဥပဒေစကားလုံးဖြင့် ရုပ်လုံးဖော် ဖွင့်ဆိုထားခြင်းသာ ဖြစ်သည်။ စကားလုံးများက အဓိကမဟုတ်၊ သဘောထား၊ သဘောတရားများနှင့် အဖွဲ့အစည်းများ၏ စေတနာ၊ ပူးပေါင်းဆောင်ရွက်မှုတို့ကသာ အနှစ်သာရ ဖြစ်သည်" ဟူ၍ တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံစာအုပ်တွင်ဒေါက်တာမောင်မောင်က ရေးသားဖော်ပြခဲ့သည်။

သို့ဖြစ်ရာ **အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သော သဘောထား၊ နိုင်ငံသား(တိုင်းရင်းသား)များအပေါ် ကျောသားရင်သားမခွဲခြားသော သဘောတရား၊ မိမိနိုင်ငံ၊ မိမိလူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာ၊ အမိနိုင်ငံတော် ကမ္ဘာ့အလယ်၌ တင့်တယ်ဝင့်ထည်စွာ အစွန့်ရှည်ရပ်တည် နိုင်ရမည်ဟူသောဆန္ဒတို့ဖြင့် ပူးပေါင်း ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံရေး ပတ်ဝန်းကျင် အခြေခံကောင်း ပီပီပြင်ပြင် အခြေအမြစ်ရှိရှိဖြင့် ရုပ်လုံးပေါ်လာမည်မှာ ဧကန်မလွဲပေ။**

ဤသို့ဆိုလျှင် ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုခြင်းဖြင့် နိုင်ငံနှင့်လူမျိုး၏ ကိုယ်ပိုင်ဘဝလမ်းကို ကိုယ်တိုင်ပါဝင်ပြဋ္ဌာန်းခွင့်အား ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်သင့်ကြောင်း တင်ပြလိုက်ရပေသည်။ ။

အမှန်စင်စစ် အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်၏ အခြေခံသဘောထား၊ သဘောတရားများနှင့် နိုင်ငံတော်အာဏာကို ခွဲဝေသုံးစွဲရန် အဖွဲ့အစည်းများတည်ထောင်ပုံ၊ ဆက်သွယ်ပုံကို ဥပဒေစကားလုံးဖြင့် ရုပ်လုံးဖော်ဖွင့်ဆိုထားခြင်းသာ ဖြစ်သည်။ စကားလုံးများက အဓိကမဟုတ်၊ သဘောထား၊ သဘောတရားများနှင့် အဖွဲ့အစည်းများ၏ စေတနာ၊ ပူးပေါင်း ဆောင်ရွက်မှုတို့ကသာ အနှစ်သာရ ဖြစ်သည်။

ကယ်လ်ဆမ်ပေးမယ့် နိုင်ကြေး ဘယ်သူ့ဘက်အလေးသာမလဲ လုံးချောလား၊ ဝင်းထွန်းလား

သုံးသပ်ရေးသားသူ - ဇင်လင်းထွန်း(ခနဖြူ) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး Calsomeကွေကာ (MDG.Co,Ltd.)ရဲ့ကူညီပံ့ပိုးမှုနဲ့ T&T Groupမှ တာဝန်ယူစီစဉ်လာခဲ့တဲ့ မျှော်စင်ကျွန်းမှစိန်ခေါ်သံ ရိုးရာလက်ဝှေ့ပွဲများဟာ ဧပြီ ၂၅ရက်(ယနေ့) ညနေ ဖိနာရီခွဲမှာ ကျင်းပမယ့် အလွတ်တန်းထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)ကို သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်ယာဆည်မြောင်း)က စိန်ခေါ်ထိုးသတ်မည့်ပွဲနှင့် ဆိုလျှင် ပွဲစဉ်အမှတ်(၈)ကိုပင် ရောက်ရှိလာခဲ့ပါပြီ။

ချီးမြှင့်ခဲ့

Calsomeကွေကာ(MDG. Co,Ltd.) ဟာ မြန်မာ့ရိုးရာ အမွေအနှစ်တစ်ရပ်ဖြစ်သော ရိုးရာလက်ဝှေ့အားကစား ဖွံ့ဖြိုး တိုးတက်ရေးအတွက် တစိုက်မတ်မတ် ကူညီပံ့ပိုးလာခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီဖြစ်တာ လေ့လာသိရှိရပါတယ်။ ယခင်က မြန်မာ-ဂျပန် ချစ်ကြည်ရေးပြိုင်ပွဲ၊ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ များကိုသာ Sponser ပေးခဲ့ရာမှ ယခုအခါ မျှော်စင်ကျွန်းပွဲများ ကိုသာမကဘဲ နယ်ပွဲများကိုပါ ကူညီပံ့ပိုးမှုပေးလာသည့်အပြင် သရေပွဲများနေသော အခြေအနေအား နိုင်သူကို သီးသန့် ဆုကြေးငွေ ချီးမြှင့်ခြင်းဖြင့် တွန်းအားတစ်ရပ် ဖော်ဆောင်လာတာကို တွေ့ရတယ်။ ပြီးခဲ့သည့် ဧပြီ ၈ရက်နှင့် ၉ရက်က ရောဝတီ



ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)
သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ
(၂၀၀၀-ဖယ်သာ၊၂၀၀၆-လိုက်၊၂၀၀၇-လိုက်ဝယ်လ်တာ)

တိုင်း လပွတ္တာမြို့၌ ကျင်းပခဲ့တဲ့ပွဲမှာ ပထမနေ့ အဓိကစိန်ခေါ်ပွဲ အတွက် နိုင်သူကို ငွေကျပ်ငါးသောင်းနှင့် ဒုတိယနေ့ အဓိက စိန်ခေါ်ပွဲအတွက် နိုင်သူကို ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ပါတယ်။

အာမခံ၍မရ

ယခုကျင်းပမယ့် ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ အမှတ်(၈)၌လဲ နိုင်ကြေးထပ်ဆောင်းချီးမြှင့်မယ့် အစီအစဉ်ကို လုပ်ဆောင်ဦးမယ်လို့ ထင်ပါတယ်။ ထိုသို့လုပ်ဆောင်မယ်ဆိုပါက မျက်မြင်အနေအထားအရ လုံးချောက ဆွတ်ခူးသွားနိုင်ပါတယ်။ လုံးချောဟာ ဝင်းထွန်းထက် ကိုယ်အလေးချိန် ၁၁ကီလိုကျော် စီးနေပြီး အရပ်ချင်းလည်း ၅လက်မခန့် သာသည်။ ဝိတ်တန်းအရ လုံးချောက မစ်ဒယ်ဝိတ်ရှိပြီး ဝင်းထွန်းက လိုက်ဝယ်လ်တာ ဝိတ်သာရှိပါတယ်။ ဒါပေမယ့် လုံးချော လေးကြိမ်တိုင် ယှဉ်ပြိုင် သရေကျခဲ့တဲ့ ရွှေဆိုင်းကို ဝင်းထွန်းက သရေပွဲပင် ထိုးသတ် နိုင်ခဲ့ရာ လုံးချောအနိုင်ရမည်ဟု ရာနှုန်းပြည့်အာမခံ၍မဖြစ်ပါဘူး။

သုံးသပ်

လုံးချောဟာ ၂၀၀၇ ရွှေခါးပတ်ပြိုင်ပွဲ ပြီးတဲ့နောက် ကြယ်လင်းအောင်နဲ့ နှစ်ပွဲ၊ ရန်ကြီးအောင်နဲ့နှစ်ပွဲ၊ ဈာန်ထူး၊ စောငမန်း၊ သူရရဲအောင်၊ ရွှေဆိုင်း၊ ရှမ်းလေးသွေး(ခ) ကျော်စွာ တို့နဲ့ တစ်ပွဲစီ ထိုးသတ်ခဲ့ရာ သရေပွဲများသာဖြစ်ခဲ့တယ်။ အဲဒီ အနက်မှ အနားတောင်းရသည့်ပွဲလေးပွဲနှင့် အမှတ်စဉ်ရေတွက် ခဲ့ရသည့် ပွဲတစ်ပွဲပင် ပါဝင်နေသေးရာ ယခုပွဲမှာ သူ၏ သရေ အစဉ် အလာကို ဆက်ထိန်းမည်လားဟု အတွေးပွားစရာ ဖြစ်ပါတယ်။ ဒါ့ပြင် ကြယ်လင်းအောင်နဲ့ ဒုတိယအကြိမ် တွေ့ဆုံတဲ့ပွဲကစပြီး ဘယ်ဘက်လက်သီးကို အသုံးမချနိုင်ဖြစ်လာ ခဲ့ပြီး ပွဲဆက်များလာလေ ဘယ်လက်က လုံးဝထိုးကြိတ်၍မရတဲ့ အခြေအနေမျိုး ရောက်လာတဲ့ လုံးချောက ရှမ်းလေးသွေးနှင့် ပွဲအပြီး လုံးဝပွဲနားကာ လက်ဒဏ်ရာ ပျောက်ကင်းအောင် ကုသနိုင်ခဲ့လောက်ပြီဖြစ်လို့ ထိုကာလမျိုးမှာ ရင်ဆိုင်ရမယ့်

ဝင်းထွန်းအတွက် ပို၍ခက်ခဲနိုင်ဖွယ် ရှိနေပါတယ်။ ဒါကြောင့် ကယ်လ်ဆမ်ကွေကာက နိုင်ကြေးဆုချီးမြှင့်ခဲ့လျှင် လုံးချောသာ ရနိုင်ချေများသည်ဟု သုံးသပ်ရခြင်း ဖြစ်ပါတယ်။

ပါးပါးလေး

ထိုသို့ဆိုသဖြင့် ဝင်းထွန်းဘက်တွင် ကယ်လ်ဆမ်ကွေကာ ဆုကြေးအတွက် မျှော်လင့်ချက်မရှိတော့ဟု ယူဆဖွယ်ရာ ဖြစ်ပါတယ်။ ဤသုံးသပ်ချက်များက ကိုယ်ခန္ဓာဖွဲ့စည်းပုံပေါ် တွင် မူတည်ထားသည့်အတွက် လက်ရှိ ရိုးရာလက်ဝှေ့ လောကမှာ အိုင်ကျူအမြင့်ဆုံး ကစားသမားထဲမှ တစ်ယောက်ဖြစ်သော ဝင်းထွန်း၏ ကြိုးဝိုင်းပရိယာယ်နှင့် နည်းဗျူဟာ ပြောင်းလွယ်၊ ပြင်လွယ်ရှိခြင်းကို လျှော့တွက်ထားသကဲ့သို့ ဖြစ်နေပါတယ်။ ဝင်းထွန်းက ယခုမှ ပြည်ပကလာ၍ ထိုးသတ်ခြင်းမဟုတ်ဘဲ လုံးချောရဲ့ပွဲတွေကို မျက်ခြည်မပြတ် အကဲခတ်ခွင့်ရခဲ့သူ ဖြစ်ပါ တယ်။ အမြင်အားဖြင့် လုံးချောက ပတ်လည်စီးသာနေသည်ကို သိပါလျက် စိန်ခေါ်ရဲခြင်းမှာ အရက်မူးပြီး အုတ်နံရံကို ခေါင်းနဲ့ ပြေးတိုက်သည့် လူမိုက်တို့၏ အသည်းကောင်းခြင်းမျိုးတော့ မဟုတ်တန်ရာပါ။ ရိုးရာလက်ဝှေ့ ပညာ၌ လုံးချောဘာလဲ၊ သူဘာလဲဆိုသည်ကို အကြိမ်ကြိမ် ချိန်ထိုးတွက်ဆပြီးမှ ရနိုင် သည်ထင်၍ ရင်ဆိုင်ဖို့ စိန်ခေါ်သံပေးလိုက်ခြင်း ဖြစ်ဟန်တူပေရာ ကယ်လ်ဆမ်ကွေကာ ပေးလာနိုင်သည့် နိုင်ကြေးထပ်ဆောင်း



လုံးချော (ညောင်တုန်း)
အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ
(၂၀၀၆/၂၀၀၇)

ချီးမြှင့်မှုအား ဝင်းထွန်းရနိုင်ချေ ပါးပါးလေး ရှိနေတယ်လို့တော့ ဆိုနိုင်ပါတယ်။

ချန်ပီယံဘွဲ့

ယခုပွဲမှာ လုံးချောက သူ့ရဲ့အားသာချက်ဖြစ်တဲ့ ဘယ် ထောက်ညာဖြင့်များ၊ အားပါသော ပတ်ခြေကန်ချက်များ၊ ပစ်ဒူးများဖြင့် ဝင်းထွန်းကို ဖိစီးနိုင်ပြီး ဝင်းထွန်းက ပြောက်ကျား စစ်ဗျူဟာမှ အမာရှောင်၊ အမွှတိုက်၊ သူတိုက်ကိုယ်ဆုတ်၊ သူဆုတ် ကိုယ်တိုက် ဆိုသည်မျိုးဖြင့် ပွဲတိုးလာမည်ဟု ထင်ပါတယ်။ အားချင်းမယှဉ်ဘဲ တိုင်ပင်ကိုက် အငိုက်ဖမ်းမည်ဆို လုံးချော အနေနဲ့ ဝင်းထွန်းဆင်သော ခွင်(ဂွင်)ထဲဝင်သွားရင် ဘီလုံးငှက်ကို အရှုံးပေးလိုက်ရတဲ့ ဆင်တစ်ကောင်ကဲ့သို့ ဖြစ်သွားနိုင်ပါတယ်။ ဝင်းထွန်းက မြားတစ်စင်းနှင့် ငှက်နှစ်ကောင်ကျအောင် ပစ်နိုင် တဲ့ မုဆိုးပမာ ကယ်လ်ဆမ်ကွေကာ နိုင်ကြေးနှင့်အတူ လုံးချော ထံမှ ချန်ပီယံဘွဲ့ကိုပါ ရရှိသွားပါလိမ့်မယ်။

သူတို့ပွဲက စိတ်ဝင်စားဖို့ ကောင်းသကဲ့သို့ ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရှင် စောဂပရေမှူး (K.L.N)နှင့် အာကာဟိန်း (မြို့တော်စည်ပင်)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင်များဖြစ်သော ဖွဲ့သတ္တိ(သူရဲကောင်း)နှင့် ခိုင်လင်း(မျိုးဇာနည်)၊ သိန်းညီညီ (အလင်းရောင်)နှင့် လွန် ည အောင်လံဆုရှင် ထူးလေးအောင် (မျိုးဇာနည်)၊ ပြည်နယ်/တိုင်းရွှေတံဆိပ်ရှင် စောအာကာ (K.L.N)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် မုန်တိုင်း (မျိုးဇာနည်)၊ စောသဲမင်း(K.L.N)နှင့်စောဇော်မင်း (ရွှေလက်ရာ) တို့ပွဲများ အပါအဝင် ပွဲစဉ်ပေါင်းရှစ်ပွဲကလည်း ကယ်လ်ဆမ် မျှော်စင်ကျွန်းပွဲ အမာခံပရိသတ်များကို အားရကျေနပ်မှုပေးဦး မယ်မို့ မျှော်စင်ကျွန်းသို့ အရောက်သွားဖို့သာ ညွှန်းလိုပါတယ်။

ထိုပွဲအတွက် ကြိုတင်လက်မှတ်များကို T&T Group ၃၆လမ်း၊ အထက် ဖုန်း-၀၉-၅၀၀-၄၇၃စသို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သတင်းစကား ပါးလိုက်ရပါတယ်ခင်ဗျား။

(မြန်မာ့အလင်း)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၁၄/၈ နိဗ္ဗာန်လမ်း သာမုအရှေ့ ရပ်ကွက် ကြည့်မြင်တိုင် မြို့နယ်နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးကျော် မိသားစုက ငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာကမ္မဋ္ဌာနာစရိယ ဂုဏာဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် ဧပြီ ၂၄

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သနပ်ပင်မြို့ မန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဥ္စနသာရအား နေပြည်တော် ပျဉ်းမနားနှင့် နေပြည်တော်လယ်ဝေးမှ ရဟန်းဒါယကာ၊ ဒါယိကာမ များနှင့် တပည့်ယောဂီများက မေ၄ရက်တွင် နေပြည်တော် ပျဉ်းမနား ဦးမင်းဒင်ရပ်ကွက်ရှိ ပထမမူလ ကသစ်ဝိုင် ဓမ္မရိပ်သာ ကြီး၌ ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဦးချစ်ဆွေ (ရှင်ငြိမ်းစားသောက်ဆိုင်) ဖုန်း-၀၆၇-၂၁၆၅၈၊ ၀၆၇-၂၁၂၉၈နှင့် ဦးသိန်းဇံ(မောင်ခင်လမ်း) ဖုန်း-၀၆၇-၂၂၄၇၇တို့သို့ ဆက်သွယ် လှူဒါန်း ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဧပြီလ ဂေါက်သီး ရိုက်ပြိုင်ပွဲကို ဧပြီ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ဇမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (က-ပ)

မောင်ရင့်ကျူး(မြောင်းမြ)၏ ကာမန္ဒမှသည်နှင့် ဓမ္မကဗျာများစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၄

မောင်ရင့်ကျူး(မြောင်းမြ)၏ ကာမန္ဒမှသည်နှင့် ဓမ္မကဗျာများစာအုပ်**(ယာပုံ)**ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။ မောင်ရင့်ကျူး(မြောင်းမြ)သည် ၁၉၈၄ခုနှစ်တွင် ကံ့ကော် အလွမ်းရိပ် ကဗျာများစာအုပ်ကို ကဗျာဆရာ မင်းနန်းစည်နှင့်အတူ ရေးသား ပုံနှိပ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခုတစ်ဖန် ၁၉၈၂ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ရေးသားခဲ့သည့် ဓမ္မကဗျာ ၈၂ပုဒ်ကို စုစည်း၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

အဆိုပါ စာအုပ်တွင် ကဗျာဆရာကြီးဒေါက်တာထီလာစစ်သူက အမှာစာ ရေးပေး ထားပြီး မျိုးဆက်သစ်စာပေ ဖုန်း-၃၇၇၃၆၉က တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၈ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ဗုဒ္ဓါနုဿတိကိုယ်တိုင်ကျင့်သုံးရေး တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇:၃၀-၁:၃၀	Colorful System of River
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	Art Vision (Art Tree Art Exhibition)
၈:၅၀-၂:၅၀	စိတ်အားထက်သန် ဆန္ဒအမှန်
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ)
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	ရှိတာက ပိုကောင်းပါတယ်
၁၂:၁၅-၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀-၆:၂၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ဘဲမွေးမြူရေး)
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၄၅-၆:၄၅	V J Choice
၁:၀၀-၇:၀၀	MRTV - 4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်း ပဉ္စနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး၏ ထာဝရ စာအောင်ဆုနှင်း ပဒေသာပင် အတွက် အမှတ်၆၆၊ ၅လမ်း ၃ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ်နေ ဦးခိုင်ဝင်း-ဒေါ်ခင်အုံး မြင့် (မနောမယ ဆေးတိုက်) မိသားစုက အလှူငွေကျပ် တစ်သိန်းကို အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ကြွယ်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်
ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ စီးပွားရေးစီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်အသိပညာပေး ဟောပြောပွဲကို စနေတစ်ပတ်ခြား ကျင်းပလျက်ရှိရာ ဧပြီလ ဒုတိယပတ်အတွက် အထူးအစီအစဉ်အဖြစ် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ဦးဆောင်၍ ပါမောက္ခ ဦးမော်သန်း၊ ပါမောက္ခ ဒေါ်လှမြင့်တို့ပါဝင်၍ ဟန်စိန်သန့် အင်ဂျင်နီယာနှင့် ရောင်းဝယ်ရေး ကုမ္ပဏီ၏ပံ့ပိုးကူညီမှုဖြင့် SOCIAL ENTERPRISE ကို ဧပြီ ၂၆ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ်အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်မြို့ ခေတ္တရာအဝေးပြေးယာဉ်ရပ်နားစခန်း
ရှောင်တခင် စစ်ဆေး

ပြည် ဧပြီ ၂၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ရုံး တိုင်းဦးစီးမှူး ဦးခင်မောင်ကြီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမြတ်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ရင်ရင်မြနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက် နံနက် ၇ နာရီက ပြည်မြို့ ခေတ္တရာယာဉ်ရပ်နားစခန်းရှိ အဝေးပြေးခရီးသည်တင်ယာဉ်များကို ယာဉ်မတော်တဆ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်မှတ်ပုံတင်သက်တမ်း ရှိ၊ မရှိ၊ ယာဉ်ကြံ့ခိုင်မှုရှိ၊ မရှိ၊ ယာဉ်မောင်းလိုင်စင်များ သတ်မှတ်လိုင်စင်ရှိ၊ မရှိနှင့် လုပ်ငန်းလိုင်စင်များ ပြည့်စုံစွာပါရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၀၅၇)

ပရိသတ်များ နှစ်သက်အားပေးကြသည့် တောင်ကိုရီးယား အနုပညာရှင်ကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း
မိုးမြင့်လင်းလက်

ဆိုးလ် ဧပြီ ၂၄

ကမ္ဘာတစ်လွှားမှာ အောင်မြင်ကျော်ကြား လူကြိုက်များနေတဲ့ တောင်ကိုရီးယားအနုပညာရှင်များရဲ့ လှုပ်ရှားမှုအကြောင်း တစေ့တစောင်းကို စုစည်းဖော်ပြလိုက်ပါတယ်။

ကမ္ဘာ့အကျော်ကြားဆုံး ပုဂ္ဂိုလ် ၁၀၀ ထဲတွင် ဖော်ပြခံရသည့် ရိန်း။

တောင်ကိုရီးယားနိုင်ငံမှာသာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ လူငယ်ပရိသတ်တွေ နှစ်သက်အားပေးမှုအခံရဆုံး ဖြစ်တဲ့ ရိန်းဟာ "တိုင်းမ်" မဂ္ဂဇင်းက ၂၀၀၈ ခုနှစ်အတွက် ကမ္ဘာ့အကျော်ကြားဆုံးပုဂ္ဂိုလ် ၁၀၀ ထဲမှာ ထည့်သွင်း ဖော်ပြခြင်းခံရပါတယ်။

အခုလိုဖော်ပြခြင်းခံရတာဟာ သုံးကြိမ်ဆက်တိုက် ဖော်ပြခံရတာဖြစ်ပြီး ၂၀၀၆ခုနှစ်နဲ့ ၂၀၀၇ခုနှစ်တွေမှာလည်း ဖော်ပြခြင်းခံခဲ့ရပါတယ်။ အခုဆိုရင် "တိုင်းမ်" မဂ္ဂဇင်းက ရိန်းနဲ့ တွေ့ဆုံမေးမြန်းခန်းရိုက်ကူးဖို့မေးခွန်း ၁၀ ခုကိုလည်း ဖြေကြားရမှာဖြစ်ပါတယ်။

အွန်လိုင်းကနေပြီး ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး ပုဂ္ဂိုလ်တွေရဲ့အမည်ကို ဆန္ဒပြုကြတဲ့အခါ ရိန်းဟာအများဆုံး ရရှိခဲ့တယ်လို့ဆိုပါတယ်။ အာရှမှာတော့ ရိန်းရဲ့ ပရိသတ်တွေဟာ သန်းနဲ့ချီရှိနေတယ်လို့ဆိုပြီး အာရှပရိသတ်ရဲ့ အကြိုက်ဆုံးသရုပ်ဆောင်နဲ့ အဆိုတော်အဖြစ်လည်း ဆန္ဒပြုကြတဲ့လူတွေ များလွန်းတာမို့ ထိပ်ဆုံးမှာ ရပ်တည်နိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ရိန်းဟာ မကြာခင်မှာ အမေရိကန်နိုင်ငံကို ရုပ်ရှင် ရိုက်ကူးဖို့ ခရီးထွက်ဦးမှာ ဖြစ်ပါတယ်။

နောက်ထပ်နာမည်ကြီးတဲ့ သရုပ်ဆောင်တစ်ဦးကတော့ အမျိုးသမီးသရုပ်ဆောင် လီဂျက်ပဲဖြစ်ပါတယ် "The Story

ပရိသတ်အားပေးမှု တစ်ရှိန်ထိုးရရှိလာသော အမျိုးသမီး သရုပ်ဆောင်လီဂျက်။

of the first King's Four Gods" အမည်ရှိတဲ့ ရုပ်သံအစီအစဉ်နဲ့ ထင်ပေါ်ကျော်ကြားခဲ့သူလည်းဖြစ်ပါတယ်။

လီဂျက်ဟာ အခုလောလောဆယ်မှာ ဂျပန်နိုင်ငံအင်န် အိတ်ချ်ကေ တီဗွီကနေပြီး သူမရဲ့အချစ်၊ အမုန်း ရောပြွမ်းတဲ့ ဒရမ်မာ



တောင်ကိုရီးယား ပရိသတ်များအားပေးမှု အများဆုံး ရရှိနေသော ဝမ်ဆန်ဂူး။

ရုပ်ရှင်ဇာတ်ကားကို ထုတ်လွှင့်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် "Winter Sonata 2" အမည်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ ကိုလည်း ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။ လီဂျက်ကိုယ်တိုင်လည်း လက်ရှိအချိန်မှာ ဂျပန်နိုင်ငံကို ရောက်ရှိနေပြီး ဂျပန်နိုင်ငံမှာ သူ့ရဲ့ ပရိသတ် ၅၀၀၀၀ နဲ့လည်း တွေ့ဆုံဖို့ ရှိနေပါတယ်။ လီဂျက်ဟာ တောင်ကိုရီးယားမှာ အခုရက်အတွင်း ဒရမ်မာကားရိုက်ဖို့လည်း ရှိတာမို့ ဧပြီလကုန်မှာ တောင်ကိုရီးယားကို ပြန်မှာဖြစ်ပါတယ်။

နောက်ထပ် လူကြိုက်များတဲ့ တောင်ကိုရီးယား အမျိုးသား သရုပ်ဆောင် တစ်ဦးကတော့ ဝမ်ဆန်ဂူးပဲဖြစ်ပါတယ်။ တောင်ကိုရီးယားမှာတော့ ပရိသတ်အားပေးမှု များပြားတဲ့အနုပညာရှင် တစ်ဦးဖြစ်ပြီး "Volcano High" ရုပ်ရှင်ဇာတ်ကားနဲ့ စတင်အောင်မြင်မှုရရှိခဲ့သူ ဖြစ်ပါတယ်။

လောလောဆယ်မှာတော့ "Love so Divine" ရုပ်ရှင်ဇာတ်လမ်းတွဲကို ထုတ်လွှင့်တော့မှာဖြစ်ပြီး ပရိသတ်တွေရဲ့ တောင်းဆိုမှုအရ နောက်ထပ်ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေ ဆက်လက်ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ ဝမ်ဆန်ဂူးဟာ ၂၀၀၈ ခုနှစ်အတွက် တောင်ကိုရီးယားနိုင်ငံရဲ့ လူကြိုက်အများဆုံး သရုပ်ဆောင်အဖြစ် ရွေးချယ်ခံရဖို့လည်း အလားအလာကောင်းနေတဲ့သူ ဖြစ်သည့်အပြင် ရုပ်ရှင်ကားရိုက်ကူးရမှု အရေအတွက်လည်း အများဆုံးဖြစ်တဲ့ သရုပ်ဆောင်တစ်ဦးပါပဲ။

ဝမ်ဆန်ဂူးဟာ မကြာခင်မှာ အာရှနိုင်ငံအချို့ကို ခရီးထွက်မှာဖြစ်ပြီး ဂျပန်နိုင်ငံကိုလည်း ဝင်ရောက်လည်ပတ်မှာဖြစ်ပါတယ်။ ဂျပန်မှာတော့ ဝမ်ဆန်ဂူးကို အားပေးတဲ့ပရိသတ် ငါးသိန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ ထူးခြားတာက ဝမ်ဆန်ဂူးကိုအားပေးတဲ့ ပရိသတ်တွေဟာ ကလေးငယ်တွေကအစ အရွယ်စုံပါတဲ့ ပရိသတ်တွေ ဖြစ်နေခြင်းပါပဲ။ ။ **(ကိုးကား-အင်တာနက်)**

(မြန်မာ့အလင်း)

ရုံပြည့်ရုံလျှံ အားပေးနေတဲ့ ဟော့ရှော့

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၂၄

ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဇေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်၊ မေတ္တာ၊ အရိုင်းနှင့် ရန်ပိုင်စိုးတို့ ပါဝင်ထားသည့် ဟော့ရှော့ဇာတ်ကားမှာ ရန်ကုန်တွင် ရုံပြည့်ရုံလျှံ အားပေးနေကြသည်။

ပန်းသုံးပွင့်၏ ချစ်အိပ်မက်ဇာတ်ကားမှ မို့မို့မြင့်အောင်နှင့် စိုးမြတ်သူဇာ။

အိမ်ထောင်မရှိတော့သော်လည်း အရွယ်ရှိသေးသည့် မေသန်းနုနှင့် မို့မို့မြင့်အောင်တို့နှစ်ဦးက မုဆိုးဖို ရန်အောင်တစ်ဦးတည်းကို သူ့ထက်ငါအသာရရေး အပြိုင်ပိုးကာ အပိုင်ရရှိရေး ကြိုးပမ်းနေသလို ရန်အောင်၏ သမီး သက်မွန်မြင့်လေးကိုလည်း မေသန်းနုကသူ့သား မိုးအောင်ရင်နှင့် လက်ဆက်စေချင်သကဲ့သို့ မို့မို့မြင့်အောင်ကလည်း သူ့သား သူထူးစံနှင့် နီးစပ်စေချင်သည်။ အကြံတူသော မို့မို့မြင့်အောင်နှင့် မေသန်းနုတို့ သူငယ်ချင်းနှစ်ဦးမှာ ရန်သူဖြစ်သွားကြပြီး နောက်ဆုံး လုံးထွေးသတ်ပုတ်ကာ ရန်ပွဲဖြစ်ရပုံကလည်း ဟားတိုက်ရယ်ရသည်။

မေသန်းနုနှင့် မို့မို့မြင့်အောင်တို့ နှစ်ဦးစလုံး အော့ကြောလန်သွားပြီး ချွေးမတော်စပ်ရေး မဟာစီမံကိန်းကြီး ပျက်စီးသွားအောင် မိုးအောင်ရင်၊ သူထူးစံနှင့် သက်မွန်မြင့်တို့၏ ပူးပေါင်းလုပ်ကြံသော လုပ်ဇာတ်ကလည်း ဟာသမြောက်လှသည်။

သဘော်သားဇေလုဝကလည်း ပိုက်ဆံရှိသူပီပီ ဘက်စမင်း နှစ်ယောက် ထားပြီး သက်မွန်မြင့်လေးရရှိရေး ခုံခုပြီး မမီတဲ့ပန်းလှမ်းကိုင်ရင်း နောက်ဆုံးစိတ်ညစ်ညစ်နှင့် အဝတ်ပင်မဝတ်နိုင်ဘဲ ပင်လယ်ကမ်းခြေ၌ အရက်ထိုင်သောက်နေရာသို့ အပန်းဖြေလာကြသူများက သူတောင်းစား ထင်ပြီး သူ့ရှေ့ ပိုက်ဆံ ချပေးသွားပုံကလည်း ဟားစရာ ဟော့ရှော့ ဖြစ်နေသည်။ အူတက်အောင်ဟားရသော ဟော့ရှော့ကို

ဟော့ရှော့

ဟော့ရှော့ဇာတ်ကားမှ သူထူးစံနှင့် သက်မွန်မြင့်။

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ကြည့်ရှု အပန်းဖြေနိုင်ကြသည်။

မြို့လယ် ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဒါရိုက်တာမောင်ဝဏ္ဏ၏ ရင်နှင့်အောင်မွေးဇာတ်ကား ပြသနေဆဲဖြစ်သည်။

ရင်နှင့်အောင်မွေး ဇာတ်ကားမှ လွင်မိုး၊ နေအောင်နှင့် နွဲ့နွဲ့မူတို့၏ သရုပ်ဆောင်မှု။

ရုံများတွင် ရုံဝင်လာပြီး **ပန်းသုံးပွင့်၏ ချစ်အိပ်မက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ပထမဆုံးအကြိမ် ရုံဝင်လာသည်။ **ပန်းသုံးပွင့်၏ ချစ်အိပ်မက်**ကို စိန်ငွေးဗီဒီယိုရုပ်ရှင်ထုတ်လုပ် ရေးမှတင်ဆက်ပြီး ပုညခင်၏ ဝတ္ထုကို ဒါရိုက်တာကိုဇော်(အရုဏ်ဦး)က ပုံဖော်ထားသည်။ ပန်းသုံးပွင့်တွင် မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာနှင့် ထွန်းအိန္ဒြာဗိုတို့ အဓိက ပါဝင်ထားသည်။ အပျိုကြီးများနှင့်မညားသော ရည်းစားများအကြောင်း ဟာသဆန်ဆန် ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် Vantage Point ဆက်လက် ပြသနေပြီး ရွှေဆောင်ရုံ၌ Jumfer ဇာတ်ကား ပြသနေဆဲဖြစ်သည်။

အက်ရှင်မင်းသား စူနီးလ်ရှက်သီးနှင့် ဆန်ဂျေးဒက်တို့ အဓိက ပါဝင်ထားသော Dust အိန္ဒိယဇာတ်ကားမှာ ဆုထူးပန်ရုံတွင် ရုံဝင်လာပြီး CHORI CHORI CHUPKE CHUPKE ဇာတ်ကားမှာ ဘုရင့်ရုံတွင် ပြသနေသည်။ မြို့မတန်းမြင့်ရုံတွင် Awara Paa Gal Deewana ဇာတ်ကား ရုံဝင်လာသည်။

လိပ်ပြာဝှက်တမ်း ဒီဗွီဒီဇာတ်ကားမှာ ရွှေဗဟိုရ်၊ဘုရင့်နောင်၊ရောဝတီနှင့်မြရတနာ

စိန်ဘာယက် မှတ်ပုံတင်ထားသောကုမ္ပဏီ ဝန်းနီစကျင်

ISO 9001:2000

ဦးသာရှင် ဆွက်ချာပါခလေလန်းမဆေးပြား

KMD Since 1986
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+
:: LCCI Computerised Accounting :: Special Effect :: Accpac Plus :: Basic Software Engineering
:: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)

အမည်ပြောင်း

အဖ ဦးအော်၏သမီး ရန်ကင်း လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မဧကရီထွန်းအား မအေးသီရိချိုဟု ပြောင်းလဲခေါ်ပါရန်။

မအေးသီရိချို။

ဒေးအရဲမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဧပြီ ၂၄

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၂ရက်က ကျင်းပရာ အသက်၈၀နှင့်အထက် သက်ကြီး အဘိုး အဘွား ၆၉ဦးအား ပူဇော်ကန်တော့ကြခြင်း၊ နိုင်ငံတော်မှ ထူးချွန်ဆုရရှိသူတစ်ဦးအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရသုံးဦး အပါအဝင် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူများကို (၈)မိုင် ကန်ဦးကျောင်း ဆရာတော်၏ ပညာရည်ချွန်ဆု လှူဒါန်းငွေကျပ် သုံးသိန်း ခြောက်သောင်း အပါအဝင် အသင်းနာယကနှင့်ဥက္ကဋ္ဌ ဦးသန်းတင် (ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ) တို့က ဆုတံဆိပ်နှင့်ဆုငွေများ အသီးသီး ချီးမြှင့်ကြသည်။

(က-ပ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးသိန်းဝင်း ၁၂/သဃက(နိုင်)၀၈၃၆၆၅၊ ဒေါ်ယဉ်ကျွေ ၁၂/သဃက (နိုင်)၀၈၃၆၆၄တို့၏သားဖြစ်သူ မောင်သူရဝင်း ၁၂/သဃက (နိုင်)၁၅၃၉၂၄သည် မိဘသဘောအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးသိန်းဝင်း-ဒေါ်ယဉ်ကျွေ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဇွဲသန်း၏ ပတ်စ်ပို့အမှတ် Ci- ၃၅၃၃၉ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၀၂၀၆၀၂။

ပျောက်ဆုံးခြင်း

ကျွန်တော် လင်းဦး C.D.C- ၃၇၉၇၀ ၏ ငွေလွှဲကတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၇၈၇၂၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏P.P. No.၁၂၅၇၃၆ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။

ကျော်ကျော်လွင်

ဖုန်း-၅၃၇၀၇၂။

ဂုဏ်ပြုလွှာ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်နိုင်ရန်အတွက် နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (စိုက်မွေးလုပ်ငန်း)မှ ဦးခင်အုန်း-ဒေါ်ခင်မာဝေ မိသားစုက အလှူငွေကျပ် ၁၆၅၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်၁၅နှစ်အောက် ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

၂၀၀၈ခုနှစ် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၅) နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဧပြီ ၁၀ရက် ညနေ ၃နာရီခွဲက မြိတ်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ ဘုတ်ပြင်းမြို့နယ်အသင်းနှင့် ကျွန်းစုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကျွန်းစုမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ကျွန်းစုမြို့နယ်အသင်းအား တံခွန်စိုက်ဖလားဆု၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကလည်းကောင်း၊ ဒုတိယဆုရ ဘုတ်ပြင်းမြို့နယ်အသင်းနှင့် အကောင်းဆုံး အားကစားသမားဆုရ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရ အားကစားသမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူများကလည်းကောင်း ဆုချီးမြှင့်ကြသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကျွန်းစုမြို့နယ်အသင်းအား တံခွန်စိုက်ဖလားဆု၊ တစ်ဦးချင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၁၀	၂။ နံနက်ခင်းသတင်း
၇:၄၅	၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀	၄။ ရွှေလောင်းတံတား
၈:၁၅	၅။ အကပြိုင်ပွဲ
၈:၁၀	၆။ International News.
၉:၀၀	၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။ မြန်မာစာ၊ မြန်မာစကား
၄:၁၀	၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၀၀	၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၅။ **နောက်မကျရအောင်** မင်းသူ၊ကျော်ထူး၊မိုးပြည့်ပြည့်မောင်၊ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)
၆:၀၀	၆။ ညနေခင်းသတင်း
၆:၁၀	၇။ မိုးလေဝသအခြေအနေ
၆:၁၅	၈။ သုတစုံလင် ရွှေဥဏ်ရှင်
၇:၀၀	၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း-၂၄)
၇:၅၀	၁၀။ စိတ်အားထက်သန် ဆန္ဒအမှန်
၈:၀၀	၁၁။ ပြည်တွင်းသတင်း
	၁၂။ နိုင်ငံတကာသတင်းများ
	၁၃။ မိုးလေဝသအခြေအနေ
	၁၄။ 'သပြေကုန်းမှ ရွှေအပြုံးများ'
	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၇)
	၁၆။ အစီအစဉ်ပြီး၏။

လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် ဧပြီ ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး ယင်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ဂျီတီအိုင် ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ဂျီတီအိုင်ကျောင်းများမှ ကျောင်းသားဟောင်းများစုပေါင်း၍ ပဉ္စမအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့ တောင်ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် ဦးကြည်လင်း ဖုန်း-၀၉ ၅၀၀၆၃၆၅၊ ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃၊ တောင်ဥက္ကလာဂေါက်ကလပ် ဖုန်း-၅၇၀၉၄၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး အလှူငွေများကိုလည်း ထည့်ဝင်နိုင်ကြောင်း သိရသည်။

(က-ပ)

The Live News ဂျာနယ် အမှတ်(၇၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ် (၇၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာ့မီးရထားဖြင့် ကွန်တိန်နာသယ်ယူသည့်လုပ်ငန်း တိုးမြှင့်ရန် စီစဉ်၊ ကျောက်တန်းမွေးမြူရေးဇုန်ကို ကဏန်းမွေးမြူရေးဇုန်အဖြစ် ပြောင်းလဲသတ်မှတ်၊ ကျိုက္ကမီဒေသက ကမ္ဘာ့သတ်မှတ်ချက်အရ စီးပွားဖြစ် လျှပ်စစ်ထုတ်ယူနိုင်သော ဒီရေပမာဏအမြင့်ထက် ကျော်လွန်နေသည်ဟုဆို၊ မြန်မာသင်္ဘောသားများ၏ ကျန်းမာရေးပေါ်လစီ ထားရှိရေးအတွက် ထိုင်းကျန်းမာရေး အာမခံအကြံပေးအရာရှိများ စိတ်ဝင်စားလျက်ရှိ၊ ရုရှားနှင့် ဥရောပသမဂ္ဂအကြား မီးပွားတစ်ခုဖြစ်လာသည့် ဂျော်ဂျီယာ၊ ဒတ်ချ်ကာကွယ်ရေးဦးစီးချုပ်၏ သားဖြစ်သူ အာဖဂန်နစ္စတန်၌တိုက်ပွဲကျဆုံး၊ ရွေးကောက်ပွဲအလွန် လှုပ်ခတ်လာသော မလေးရှားနိုင်ငံရေး၊ ဆဒါမြို့ကို တံတိုင်းခတ်မည့် အမေရိကန်၊ စိုးရိမ်စရာ အာရှစားနပ်ရိက္ခာ၊ ကေသီပန်မဂ္ဂဇင်းမှ အဖြည့်ခံဝတ္ထု၊ ဂုဏ်ရည်မတူ(၂)၊ လမ်းပေါ်က အတွေးများ(၁၂)၊ စိန်ခေါ်သောလူများ၊ စစ်ကြိုကာလကျမှ ဖောက်လုပ်ခဲ့ရတဲ့ (ရွှေခုံတိုင်) ရွှေဂုံတိုင်လမ်း၊ တက္ကဆီမင်းနှင့် ကုမ္ပဏီမင်း၊ ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း (၅၉/၆၀) ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့်လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝမ်းမြောက်ကြည်နူးဖွယ် မြင်ကွင်းများဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ တစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
တင်မောင်(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)သို့ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် စာရေးသူ ထပ်မံရောက်ရှိခဲ့ ပြန်သည်။ ဆေးရုံ၏ ကုသဆောင်(၄)တွင် မကျန်းမာသည့် ဂိလာနသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များသည် အတွင်းလူနာအဖြစ် စိတ်ချမ်းမြေ့စွာ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ မန္တလေးမြို့မှ စေတနာရှင်၊ အလှူရှင်များကလည်း သံဃာတော်များအား ကျန်းမာရေးနှင့် လိုက်လျောညီထွေမည့် ဆွမ်း၊ ဆွမ်းဟင်းနှင့် ခဲဖွယ်ဘောဇဉ်များကို သဒ္ဓါတရား ထက်သန်စွာ လာရောက်လှူဒါန်း ဆက်ကပ်လျက်ရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမိခဲ့ပါသည်။

ဧပြီ ၂၀ရက်နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ အေးကျောင်းတိုက်မှ သက်တော် ဖ၀၊ ဝါတော် ၂၄ ဝါရှိ အဆုတ်ပြွန်ရောင်ရောဂါနှင့် အစာအိမ်ရောဂါတို့ ခံစားနေရသည့် သံဃာတော်တစ်ပါးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှ ဆေးရုံဖွင့်ပွဲ သတင်းကို သိရှိရသဖြင့် ဆေးရုံအထူးကုဌာနသို့ လာရောက်ပြသရာ ဆေးရုံအုပ်ကြီးဒေါက်တာမြမောင်နှင့် ဆရာဝန်ကြီးများက လိုအပ်သော ရောဂါရှာဖွေစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်ပေးပြီး ကုသဆောင်(၄)၌ အတွင်းလူနာအဖြစ် စောင့်ရှောက်ကုသ ပေးလျက်ရှိသည်ကို မြင်တွေ့ခဲ့ရပါသည်။ ထို့အပြင် နံနက် ၁၀နာရီတွင် ကုသဆောင်(၄)၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူတော်မူနေကြသည့် ဆရာတော်သံဃာတော်များအား ဆွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်စန်းကြူနှင့် အဖွဲ့ဝင်တို့က လာရောက်ဖူးမြော်၍ ဆွမ်း၊ ဆွမ်းဟင်း၊ ကြာဆံဟင်း၊ မုန့်ထုပ်၊ ကော်ဖီထုပ်များကို ဆက်ကပ်လှူဒါန်း ကုသိုလ် ပြုကြရာ ဆရာတော်များ၏ ဆုတောင်းမေတ္တာပို့သံများ ကိုလည်း ကြည်နူးဖွယ် ကြားခဲ့ရပါသည်။

ဖြေကြား

စာရေးသူသည် ဆေးရုံတွင် တက်ရောက်ကုသနေသည့် သံဃာတော်များအနက် ဆီးချိုရောဂါဖြင့် တက်ရောက်ကုသနေသည့် အမရပူရမြို့မဟာဂန္ဓာရုံ ကျောင်းတိုက်မှ သက်တော် ဖ၃ နှစ်၊ ဝါတော် ၄၃ ဝါရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ကုဋ္ဌိဏကျမ်းပြုနာယကဆရာတော် အရှင်ဝိမလဗုဒ္ဓိအားလည်းကောင်း၊ ဦးနှောက်ကျုံ့ရောဂါဖြင့် တက်ရောက်ကုသနေသည့် ဝမ်းတွင်းမြို့နယ် ပင်တလဲအုပ်စု တောင်ပုလုကျောက်ဆင်တောရကျောင်းမှ သက်တော် ဖဖနှစ်၊ ဝါတော်၃၃ဝါရှိ အရှင်သုမင်္ဂလအားလည်းကောင်း၊ ဝမ်းဗိုက်အကျိတ်ရောဂါဖြင့် တက်ရောက်ကုသနေသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဘေးမဲ့ကျောင်းတိုက်မှ သက်တော် ၈၁နှစ်၊ ဝါတော်၃၅ရှိ ဆရာတော် အရှင်ကောသလ္လအားလည်းကောင်း၊ လေဖြတ်ရောဂါဖြင့် တက်ရောက်ကုသနေသည့် အမရပူရမြို့ မိုးကုတ် ဝိပဿနာ မင်္ဂလာတိုက်ကျောင်းမှ သက်တော် ဖ၃နှစ်၊ ဝါတော်၄၃ဝါရှိ နာယက ဆရာတော်ဘဒ္ဒန္တဝိလာသအားလည်းကောင်း ဖူးမြော်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ကုသခံယူရရှိမှုနှင့် စပ်လျဉ်း၍ ပြည့်စုံမှုရှိ၊ မရှိ မေးမြန်းလျှောက်ထားခဲ့ရာ ဆရာတော်အားလုံးက အစစအရာရာ ပြည့်စုံမှုရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ကြပါသည်။

ဘုန်းတော်ကြီးကုသဆောင်၌ တက်ရောက်ဆေးကုသမှုခံယူတော်မူကြသည့် သံဃာတော်များအား ဒေါက်တာကျော်လှ စမ်းသပ်ကြည့်ရှုပေးစဉ်။

စမ်းသပ်

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)တွင် အစာအိမ်ဝေဒနာရရှိသည့် ဇီဝိတဒါန သံဃာတော်တစ်ပါးအား အစာအိမ် နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်လှ ကြည့်ရှုစမ်းသပ်ပေးစဉ်။

ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ၌ စစ်ကိုင်းတောင်ရိုး မင်းကွန်းမှ လက်ယာဘက်ပခုံးကိုက်ခဲသည့် ဝေဒနာရှင် သီလရှင်တစ်ပါးအား အရိုးအထူးကု ပါမောက္ခ ဒေါက်တာစိုးထွန်းက စမ်းသပ်စစ်ဆေး ဆေးကုသပေးစဉ်။

တစ်ပြေးညီဆောင်ရွက်ပေး

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကိုလေး၊ ဆေးရုံအုပ်ကြီးအဆုတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာမြမောင်၊ဒုတိယဆေးရုံအုပ်ကြီး သမားတော် ဒေါက်တာကျော်လှ၊ အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစိုးထွန်းနှင့် တာဝန်ကျဆရာဝန်များသည် ဆေးရုံကုသဆောင်(၄)တွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသနေကြသော ဆရာတော်များအား လာရောက်ဖူးမြော်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြသည်။

တစ်ပြေးညီဆောင်ရွက်ပေး

ထို့ပြင် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) သို့ တက်ရောက်ကုသရန် လာရောက်မည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် သွားလာရေး အဆင်ပြေစေရန် မြို့တွင်း၊ မြို့ပြင်မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

ဝမ်းမြောက်ဝမ်းသာ

စာရေးသူ ဆေးရုံမှအပြန်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မကျန်းမာသည့် ဂိလာနသံဃာတော်များကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေးပြုစုရာရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာသည့် ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ်ကျွေးရမည်ဖြစ်ကြောင်း ဟောကြားချက်ကို ပြန်လည်သတိရမိပြီး ယနေ့မြင်ကွင်း အဖုံဖုံကို ဝမ်းမြောက်ဝမ်းသာ ကြည်နူးပီတိဖြစ်ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ တက်ရောက် ကုသရန်လာရောက်မည့် သံဃာတော်များနှင့် သာသနာ့ နွယ်ဝင် သီလရှင်များအတွက် သွားလာရေး အဆင်ပြေစေရန် မြို့တွင်း/မြို့ပြင် မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေး နိုင်ရန် စီမံဆောင်ရွက်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ညောင်ဦးမြို့၌ ဆွေးနွေး

ညောင်ဦး ဧပြီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း လိုက်ပါလျက် ဧပြီ ၁ရက်က ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ ညောင်ဦးမြို့နယ် ငါ့သရောက်မြို့များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆက်လက်စည်းရုံးဆောင်ရွက်ရန် မှာကြားပြီး (ဝဲပုံ) ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မြေစိုက်နံရံကပ်စာစောင်ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

နတ်တလင်းမြို့၌ စုပေါင်းသန့်ရှင်း

နတ်တလင်း ဧပြီ ၁၂

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်သာယာလှပရေး၊ စုပေါင်းသန့်ရှင်းရေးနှင့် မြေယာရှုခင်းပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်မှုကို မတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး အတွင်း ဈေးရောင်းချသူများ အလေး ချိန်ခွင် မှန်ကန်စေရေးအတွက် သမာဓိချိန်ခွင် ချိန်တွယ်နေမှုကို ဧပြီ ၂၁ရက်က ဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်မြင့်အေးဦးဆောင်သောအဖွဲ့ ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံစုပါဝမ်း- တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူရှင်များက နှစ်သစ်ဦး အလှူငွေများ လှူဒါန်းကြရာ ဗိုလ်ချုပ်အောင်ဆန်းဈေး ဗဟိုရုံ ညွန့်ညွန့်ဇာဘော်လီ ဦးစိုးမင်း- ဒေါ်ညွန့်ညွန့်မိသားစုက ငွေကျပ်ငါးသိန်း၊ MV. LONG JIE မြန်မာသင်္ဘောသားများ (စင်ကာပူ)က စုပေါင်း၍ ငွေကျပ် ငါးသိန်း၊ ဦးထွန်းထွန်းလင်း- ဒေါ်ဝေဝေ (ထိပ်တန်းကွန်ပျူတာပုံနှိပ်တိုက်) ၃၄လမ်းက ငွေကျပ်လေးသိန်း၊ တာမွေသမိန်ဗရမ်းလမ်း (တံခွန်သစ်ဆိုင်) ဦးကျော်နိုင်-ဒေါ်ခင်ခင်မြင့် မိသားစုက ငွေကျပ် သုံးသိန်း၊ လမ်းမတော် ရွှေတောင်တန်း ဒေါက်တာဦးသောင်းရွှေ-ဒေါ်ဆန်းဆန်းအေးက ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပ သစ္စာဥယျာဉ်အိမ်ရာ ဦးငွေအောင်-ဒေါ်စမ်းစမ်းမြင့် မိသားစုက ငွေကျပ် သုံးသိန်း၊ သုဝဏ္ဏ စုပေါင်းအိမ်ရာ သံသုမာလမ်း ဦးလေး ဦးရဲဝင်းအား ရည်စူး၍ တူမ မခင်ဆွေသန့် မိသားစုက ငွေကျပ် နှစ်သိန်း၊ ပုဇွန်တောင် ၄၉လမ်းနေ ဒေါ်ကင်ကြူ၊ သမီး ဒေါက်တာအေးအေးသင်က ငွေကျပ်နှစ်သိန်း၊ ကျောက်မြောင်း မြို့သစ် ၁လမ်း ဦးထွန်းကြည်- ဒေါ်မာမာမိသားစုက ငွေကျပ် နှစ်သိန်း၊ မနီလာလင်း (မွေးနေ့) ထားဝယ်မြို့က ငွေကျပ် နှစ်သိန်း၊ တာမွေ ကျောက်မြောင်း မမွှစိန္တာလမ်း ဒေါ်ငွေးရီ မိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည်ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊၀၉-၅၁-၀၂၁၉၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ရေစင်များ၊ မီးသတ်ရေငုတ်များ၊ မြေအောက်ရေလှောင်ကန်များနှင့် အပေါ့စား မီးငြိမ်းသတ်စက်များကို မတ် ၁၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်း ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အထက်မင်းလှ၌ ယာဉ်မတော်တဆမှုမရှိစေရေး လိုက်နာရမည့်စည်းကမ်းချက်များ ဟောပြော

အထက်မင်းလှ ဧပြီ ၁၅

မကွေးတိုင်း အထက်မင်းလှမြို့နယ်တွင် ယာဉ်မတော်တဆမှုများနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ များပြားနေသဖြင့် ယာဉ်စည်းကမ်းလိုက်နာရေး ယာဉ်မတော်တဆမှုများ ပပျောက်ရေးအတွက် ပညာပေးဟောပြောပွဲကို မတ် ၂၂ရက် နံနက် ၁၀နာရီက မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံစည်းကမ်းထိန်းသိမ်းရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းဟောပြောပွဲ၌ သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြသောင်း၊ ခရိုင်ဦးစီးမှူး ဦးငွေဝင်း၊ အထက်မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူးယုကြိုင်နှင့် ယာဉ်စစ်ဆေးရေး စက်မှုကျွမ်းကျင်အဆင့်(၃) ဦးမောင်မောင်ကြီးတို့က တက်ရောက်လာကြသော ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ လိုက်နာရမည့်စည်းကမ်းချက်များကို အသေးစိတ်ဟောပြောကြသည်။

ထို့နောက် ယာဉ်များတွင် ဆောင်ရန်၊ ရှောင်ရန်စည်းကမ်းချက်များနှင့် ပြည့်စုံမှုရှိ၊ မရှိကို ခရိုင်ဦးစီးမှူး ဦးမြသောင်း၊ ဦးငွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယုကြိုင်၊ ယာဉ်စစ်ဆေးရေးမှူး ဦးမောင်မောင်ကြီးတို့သည် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ဥက္ကဋ္ဌဦးလှဝင်း၊ အတွင်းရေးမှူး ဦးသန်းရွှေတို့ လိုက်ပါလျက် အထက်မင်းလှမြို့အဝင်လမ်းပေါ်၌ မော်တော်ယာဉ်များကို ကွင်းဆင်းစစ်ဆေးကြသည်။

(ဝ၇၆)

ရွှေတောင်မြို့၌ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

ရွှေတောင် ဧပြီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး ရွှေတောင်မြို့နယ် ပိတောက်မြိုင်သစ်လုပ်ငန်းဝန်ထမ်းအိမ်ရာဝင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းကို မတ် ၃၀ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးကျော်က မွှာရုံ၌ ဝန်ထမ်းမိသားစုဝင်များအား ဟောပြောဆွေးနွေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် လိုင်းကြီးကြပ်ရေးအဖွဲ့ မိသားစုဝင်တို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

နွေရာသီပူပြင်းခြောက်သွေ့လာသဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဖြူးမြို့နယ်၌ဆောင်ရွက်

ဖြူး ဧပြီ ၃

နွေရာသီအပူရှိန်သည် တစ်နေ့တခြား သိသိသာသာ ပူပြင်းခြောက်သွေ့လာသဖြင့် မီးဘေးကြိုတင် ကာကွယ်ရေးစီမံချက်အရ ပဲခူးတိုင်း ဖြူးမြို့နယ် မီးသတ်တပ်ဖွဲ့ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအေးငြိမ်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၂၀ရက်မှ စတင်၍ မြို့ပေါ်(၁၀) ရပ်ကွက်အတွင်းရှိ နေအိမ်များကို ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်များထားရှိရေး၊ ထမင်းဟင်းချက်ပြုတ်ရန် အချိန်များ သတ်မှတ်ပေးခြင်းနှင့် နေအိမ်ခြံအတွင်း လောင်စာအမှိုက်ကင်းရှင်းအောင် ဆောင်ရွက်ထားရှိရေးတို့ကို တစ်အိမ်တက်ဆင်း စစ်ဆေးနှိုးဆော်သတိပေးကြသည်။

သတိပေးနှိုးဆော်

ထို့နောက် ဖြူးမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်များကို အလားတူ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

(ဝ၅၁)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကံသာထွက်ဝ ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ပြင်ဦးလွင်၌ကျင်းပ

ပြင်ဦးလွင် ဧပြီ ၈

၂၀၀၈ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၈ရက် နံနက်၈နာရီက ပြင်ဦးလွင်မြို့နယ် ခုတင်(၃၀၀)ဆံ့ပြည်သူ့ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ထံမှ ပေးပို့သော ၂၀၀၈ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ဒေါက်တာအောင်ဆန်းဦး(အထူးကု)က ဖတ်ကြားကာ ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(ဝ၈၈)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း• •
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း• •
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း• •
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း• •
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း• •

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲဖြင့် သက်သေပြ

ပြည်တွင်းသစ္စာဖောက် ဘယ်လိုနှောက်
ဒို့ပြည်သူတွေ ဘယ်မကြောက်။
ထောက်ခံမဲသာ ပေးကြမည်
မြန်မာ့အကျိုး မျှော်ရည်• • •။
မြန်မာပြည်သားမှန်သမျှ
ထောက်ခံမဲဖြင့် သက်သေပြ။ ။

သီဟမောင်

- ● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
  ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
  အခြေခံဥပဒေဖြင့်သာ
  ဒီမိုကရေစီ ရနိုင်သည်။

- ● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
  အခြေခံဥပဒေ အတည်ပြုစို့။

ကြည့်သူရင်ကို စူးစူးနစ်နစ် ခံစားစေရမည့် စွမ်းဆောင်နိုင်ခြင်းရဲ့ စုတ်ချက်များ ပန်းချီပြပွဲ

အနုပညာသတင်း - မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

ပန်းချီအနုပညာဆိုတာ ခံစားမှု၊ ဖန်တီးမှုတွေနဲ့ ပေါင်းစပ်ပြီး ခြယ်မှုန်းကြရတာမို့ ခံစားတတ်တဲ့နှလုံးသားရှိသူတိုင်း ပန်းချီအနုပညာကို လေ့လာဆည်းပူး ဖော်ထုတ်ပြသနိုင်ကြပါတယ်။

ခင်းကျင်းပြသ

ဒီလိုပန်းချီအနုပညာကို ဖန်တီးကြတဲ့ သူတွေထဲမှာ ထူးထူးခြားခြား အနေနဲ့ မသန်စွမ်းပန်းချီဆရာ ၁၁ ဦးတို့က စုပေါင်းပြီး **'စွမ်းဆောင်နိုင်ခြင်းရဲ့စုတ်ချက်များ'** လို့ အမည်ပေးထားတဲ့ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ လောကနတ်ပန်းချီပြခန်းမှာ ဧပြီ ၂၅ ရက် **(ယနေ့)** ကစပြီး ၂၉ ရက်အထိ ခင်းကျင်းပြသနေပြီဖြစ်ပါတယ်။

ကိုယ်လက်အင်္ဂါ မသန်စွမ်းကြတဲ့ လူကြီးပန်းချီဆရာတွေဖြစ်တဲ့ ဇင်မင်းထက်၊ ကိုတင့်၊ နော်အဲလေးဖောတို့ သုံးဦးအပြင် ကလေးပန်းချီဝါသနာရှင်တွေဖြစ်တဲ့ ဟန်ထွန်းဦး၊ ရဲလင်းထိုက်၊ ဘင်ဂျမင်၊ စည်သူအောင်၊ သဲသဲချို၊ သိမ့်သူသူဟန်နဲ့ နီးပန်းချီဆရာနှစ်ဦးဖြစ်တဲ့ ကေသီမိုး၊ ကိုအေးသိန်းတို့ရဲ့ လက်ရာစုံပန်းချီကားပေါင်း ၇၀ ကျော်ကို ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၄ ●



နော်အဲလေးဖော၏ 'ဆန်ဖွပ်ခြင်း' ရေဆေးပန်းချီကားက အမြင်ဆန်းသစ်အောင် ခြယ်မှုန်းထားသည်။ (မြန်မာ့အလင်း)

ပူမြဲပူဆဲ

၂၄-၄-၂၀၀၈

မင်းဘူး	၁၀၉	ဒီဂရီဖာရင်ဟိုက်
နေပြည်တော်	၁၀၇	ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၇	ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၇	ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၇	ဒီဂရီဖာရင်ဟိုက်
အောင်လံ	၁၀၇	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၉၇	ဒီဂရီဖာရင်ဟိုက်

မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

တို့ဟူးစားသုံးလျှင် နှလုံးရောဂါဖြစ်ပွားမှု လျော့ကျနိုင်

တို့ဟူးကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့်ကပင် တရုတ်လူမျိုးတို့ စားသုံးခဲ့ကြသည်။ တို့ဟူးကို အာရှနိုင်ငံ အများအပြား၌ စားသုံးကြသလို ဥရောပနိုင်ငံများတွင်လည်း တဖြည်းဖြည်းတွင်ကျယ်စွာ စားသုံးလာကြသည်။

ပါဝင်

တို့ဟူးမှာ ပဲကို အဓိကထားပြီး ပြုလုပ်ထားသည်။ တို့ဟူး၏ အရသာမှာဆိမ့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

25-4 (20).pmd 1 4/25/2008, 1:44 AM